# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၅၇)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ ၂၆-၁၁-၂၀၂၄၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နေပြည်တော်၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များနှင့်တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း (နေပြည်တော်)မှ ကျောင်းသား ကျောင်းသူများက "ဓာတိမာန်"သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်သည်။ ထို့နောက် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဖတ်ကြားသည်။

ဂုဏ်ပြုသီဆိုတင်ဆက်

ဆက်လက်၍ အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်) မှ ကျောင်းသား ကျောင်းသူများက"မြန်မာ့ကျောင်း"သီချင်းဖြင့် ဂုဏ်ပြုသီဆို တင်ဆက်ကြပြီး (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်


## ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆောင်ရွက်လျက်ရှိ


စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကာ တောင်သူနှင့်အတူ ဆီထွက်သီးနှံ မျိုးစေ့ထုတ်လုပ်ရေးနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိသည်။

ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဆီထုတ်လုပ်မှုတိုးတက်ရေးကို အားပေးမြှင့်တင်ပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်စေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးသူ တောင်သူများကို မြေပဲတစ်ဧကလျှင် ငွေကျပ် သုံးသိန်း၊ နေကြာတစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့် နှမ်းတစ်ဧကလျှင် ငွေကျပ် ၁ ဒသမ ၅ သိန်းနှင့်ညီမျှသော သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် စားသုံးဆီထုတ်လုပ်ရန်အတွက် ၂၀၂၄-၂၀၂၅ ခုနှစ်၌ မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ပန်းနှမ်း စသည့်ဆီထွက်သီးနှံစိုက်ဧက ၈ ဒသမ ၃၉ သန်းလျာထားပြီး စုစုပေါင်းတင်း ၂၄၅ ဒသမ ၁ သန်း ထွက်ရှိရန် ခန့်မှန်းထားရှိပါကြောင်း။

တစ်ဖက်တွင်လည်း ထွက်ရှိလာသော ဆီထွက်သီးနှံကုန်ကြမ်းများကို ကြိတ်ခွဲနိုင်ရေး

စာမျက်နှာ ၂၁ သို့ ❍





## မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ အဝါရောင်အဆင့်ဟုသတ်မှတ်

နေပြည်တော် နိုဝင်ဘာ ၂၅

မုန်တိုင်းငယ်အခြေအနေ

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းသို့ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၇၅၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်- အရှေ့တောင်ဘက် ရေမိုင် ၅၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့်ဖြစ်ပါသည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

၂၅-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ၁၇:၃၀ နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ။

စာမျက်နှာ ၂၄ သို့ ✪

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက် ၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

# နှလုံးရောဂါဆေးပညာရပ်ဖွံ့ဖြိုးတိုးရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံနှလုံးရောဂါဆေးပညာရှင်များအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း နှလုံးခွဲစိတ်မှု ၂၃၇၅ ကြိမ်၊ နှလုံးသွေးကြောချဲ့ကုသမှု ၃၈၀၅ ကြိမ်၊ နှလုံးစက်တပ်ကုသမှု ၁၀၁၄ ကြိမ်၊ နှလုံးလျှပ်စီးလမ်းကြောင်းဖြတ်တောက်ကုသမှု ၁၀၀၅ ကြိမ်တို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအနေဖြင့် နှလုံးရောဂါဆေးပညာရပ်ဖွံ့ဖြိုးတိုးတက်စေရေး အဘက်ဘက်မှ ဆက်လက်ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံနှလုံးရောဂါပညာဆိုင်ရာ ညီလာခံကို "Towards Holistic and Comprehensive Cardiac Care" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံနှလုံးရောဂါပညာရပ်ဆိုင်ရာ ဆေးပညာရှင်များ၏ လူနာများကို ဗဟိုပြု၍ နှလုံးဆေးကုသမှုနှင့် နှလုံးခွဲစိတ်ကုသမှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်မှုများကို ဂုဏ်ပြုကြောင်း၊ ယခုညီလာခံ၌ မြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် အမေရိကန်နိုင်ငံများမှ နှလုံးရောဂါဆေးပညာရှင်များ အတွေ့အကြုံ၊ ဗဟုသုတများ အပြန်အလှန်မျှဝေကြမည်ဟုသိရှိရ၍ မြန်မာနိုင်ငံရှိ အထွေထွေရောဂါကုဆရာဝန်များ၊ ဆေးပညာရှင်များ၊ နှလုံးရောဂါအထူးကု ဆရာဝန်များအတွက် ဗဟုသုတနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာများကို လေ့လာခွင့်ရရှိကြမည်ဖြစ်သဖြင့် လူနာဗဟိုပြုဆေးကုသမှုလုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံနှလုံးရောဂါပညာရပ်ဆိုင်ရာ ညီလာခံဖွင့်ပွဲ၌ ပြောကြားခဲ့သည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ၊ ဌာနမှူး(နှလုံးရောဂါဆေးပညာ) ပါမောက္ခ ဒေါက်တာနွယ်နွယ်က ညီလာခံကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

နှလုံးရောဂါဆေးပညာရပ်ဖွံ့ဖြိုးတိုးတက်ရေး၊ နှလုံးဆေးကုသမှုနှင့် နှလုံးခွဲစိတ်ကုသမှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ညီလာခံကို နိုဝင်ဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ပြီး ပြည်ပနိုင်ငံအသီးသီးမှ နှလုံးရောဂါဆေးပညာရှင်များက မြန်မာနိုင်ငံမှ နှလုံးရောဂါဆေးပညာရှင်များနှင့်အတူ ဆေးပညာရပ်ဆိုင်ရာဗဟုသုတမျှဝေခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ လက်တွေ့ကုသမှု အတွေ့အကြုံများ မျှဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၄ခုနှစ်(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား အောင်မြေသာစံမြို့နယ်၊အထက(၁)တွင် ကျင်းပပြုလုပ်



မန္တလေး နိုဝင်ဘာ ၂၅

၂၀၂၄ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်၊ ၂၄လမ်း၊ လမ်း၈၀နှင့်၈၁လမ်းကြား၊အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အောင်ရာဇာခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ကြသည်။

အခမ်းအနားအား အထက(၈)ကျောင်းသူများက ဇာတိမာန်သီချင်းသီဆို၍ ဖွင့်လှစ်ခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်က ဖတ်ကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲဆုရ ကျောင်းသား၊ ကျောင်းသူ ၁၈ ဦးအားဆုများ အသီးသီးချီးမြှင့်ပေးခဲ့ကြပြီး အထက(၈)ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများမှ "(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သတင်းစကား" လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၉၃)

၀-၀-၀-၀-၀

## လူငယ်ရေးရာ အသိပညာပေးဟောပြော

ကသာ နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း မလိခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ ကသာ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းလွင်က "အနာဂတ်အတွက် တွေးကြည့်ပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကသာမြို့မစခန်းမှူး ဒုတိယရဲမှူး တင့်နိုင်ထူးက ဥပဒေဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို လည်းကောင်း၊ ခရိုင်မီးသတ်တပ်ဖွဲ့ စု(၆)မှ မီးသတ်တပ်ဖွဲ့စုမှူး ရဲအုပ်စောကျော်ဇောထွန်းက "မီးဘေး အန္တရာယ်တို့ကာကွယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးမော်က "ကလေးသူငယ်ဥပဒေနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ" အကြောင်းအရာများကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာက "လူငယ်နှင့်အသိပညာ" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြပြီး တာဝန်ခံမြို့နယ်ပညာရေးမှူး ဦးအောင်ကိုမင်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြသည်။

ထို့နောက် ကသာမြို့နယ်တွင် လူငယ်လူရွယ်များအနေဖြင့် အသိပညာပေးဟောပြောပွဲများမှ ရရှိသည့် အသိပညာဗဟုသုတများကို မိမိပတ်ဝန်းကျင်အတွက် ကောင်းကျိုးရှိစွာ ကြံဆအသုံးပြုတတ်စေရန်လိုအပ်ပါကြောင်း၊ ယခုလို အသိပညာပေးဟောပြောပွဲများကိုလည်း ဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် ခရိုင်အလိုက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၅

၂၀၂၄-၂၀၂၅ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် ခရိုင်အလိုက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲပြိုင်ပွဲကို မန္တလေးမြို့ ဗထူးအားကစားပြိုင်ကွင်းတွင် နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက အမရပူရခရိုင်အသင်းနှင့် ညောင်ဦးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကြရာ အမရပူရခရိုင်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ဗိုလ်စွဲသွားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ပညာရေးမှူးများ ဆရာ ဆရာမများနှင့်အား/ကာမှ တာဝန်ရှိသူများ၊ (မန္တလေး)လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းတို့မှ အုပ်ချုပ်သူ နည်းပြဆရာများ၊ အားကစားသမားများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ဒုတိယဆုရ ညောင်ဦးအသင်းအား ငွေသားဆုကို ဒုတိယညွှန်ကြား ရေးမှူး ဒေါ်ခင်မေလွင်ကလည်းကောင်း၊ ပထမဆုရ အမရပူရခရိုင်အသင်းအား ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ခိုင်က ငွေသားဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီးမန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး တိုင်းဒေသကြီးဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက ပထမဗိုလ်စွဲသည့် အမရပူရခရိုင်အသင်းအား ပထမတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ကာ ဆုရအသင်းနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြောင်း သိရသည်။

(အပေါ်ပုံ)

(တင်မောင်-မန္တလေး)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# မဟာအတုလဝေယံ(အတုမရှိ) ကျောင်းတော်ကြီးနှင့် ရွှေနန်းတော်ကျောင်း(ရွှေကျောင်း) တို့ကို စနစ်တကျ ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၂၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏဝရဒါဠာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်သည်။

ထိုသို့ သွားရောက်ဖူးမြော်စဉ် ပြည်ထောင်စုဝန်ကြီးသည် စွယ်တော်မြတ်စေတီတော် ပရိဝုဏ်သန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး ဂေါပကအဖွဲ့ဝင်များကို လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမရပူရမြို့ရှိ မဟာဂန္ဓာရုံကျောင်းတိုက်သို့ သွားရောက်၍ မဟာနာယကချုပ်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဣန္ဒောဘာသာဘိဝံသ အရှင်သူမြတ်အား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ထံ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နန်းမြို့ရိုးအနောက်ဘက်စည်ရှည် တံခါးပေါက်နှင့် မြို့ရိုးများ ကြံ့ခိုင်မှုရှိစေရန် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်နေမှု၊ ပြာသာဒ်ကြီး၊ ပြာသာဒ်ငယ်အဆောင်များ ပြုပြင်ထိန်းသိမ်းနေမှု၊ နန်းမြို့ရိုးတောင်ဘက်နှင့် အနောက်ဘက်များတွင် ဆွေးမြည့်နေသည့် အုတ်များ ပြုပြင်ဆောင်ရွက်နေမှု၊ စည်ရှည်တံတားအား မူလပုံသဏ္ဌာန်မပျက် ပြန်လည်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီးနှင့် ရွှေနန်းတော်ကျောင်း(ရွှေကျောင်း) တို့ကို စနစ်တကျ ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားရှိ သုဓမ္မာဇရပ်များအပါအဝင် သာသနိကအဆောက်အဦများ ရေရှည်တည်တံ့ခိုင်မြဲရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ဥပုသ်တော်ရပ်ကွက်ရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားရှိ သုဓမ္မာဇရပ်တန်းကို ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့က အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေအတွင်းရှိ မဟာဓေယျပထတံတား (ခ) ဦးအိုအုတ်လမ်း၏ ကြွင်းကျန်နေသောပေ ၂၆၀၀ ကျော်၏ လက်ရှိပျက်စီးနေမှုကို ပြန်လည်ပြုပြင်ရမည့် အခြေအနေနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန် လမ်းများပြုပြင်ရမည့် အခြေအနေကိုလည်းကောင်း၊ အင်းဝမြို့ဟောင်း စည်တိုပုံမြို့ရိုး မြို့တည်နန်းတည် သတိုးမင်းဖျားမင်းရပ်တုကိုလည်းကောင်း၊ မဟာအောင်မြေဘုံစံအုတ်ကျောင်း(ခ) မယ်နုအုတ်ကျောင်းအား မြေဝါသုတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး အင်းဝယဉ်ကျေးမှုဇုန်အတွင်း ခရီးသွားများ အဆင်ပြေစွာ လေ့လာကြည့်ရှုနိုင်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားပိုက်ကျော်ခြင်းအသင်းနှင့် ဘောလုံးအသင်း စခန်းသွင်းလေ့ကျင့်နေမှု ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယနေ့ညနေပိုင်းတွင် အောင်မြေသာစံမြို့နယ် ရွှေမန်းတောင် လူငယ်အားကစားလေ့ကျင့်ရေးကွင်း (မန္တလေး)သို့ သွားရောက်ပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားပိုက်ကျော်ခြင်းအသင်းနှင့် ဘောလုံးအသင်းတို့မှ အားကစားသမားများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်ဖြင့် ပါဝင်ယှဉ်ပြိုင်သွားကြရမည် ဖြစ်ကြောင်း၊ စခန်းသွင်းလေ့ကျင့်နေသည့်ကာလတွင် ဝီရိယရှေ့ထား၍ အသင်းအဖွဲ့ စိတ်ဓာတ်ဖြင့် ကြိုးစားလေ့ကျင့်သွားရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများကို ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ခြေစမ်းပွဲယှဉ်ပြိုင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကြသည်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဖူဆယ်၊ ပြေးခုန်ပစ်နှင့် ဂေါက်သီးရိုက် စသည့်အားကစားနည်း ခြောက်မျိုးဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း ပိုက်ကျော်ခြင်း(အမျိုးသား) ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအသင်း ခြေစမ်းလေ့ကျင့်ယှဉ်ပြိုင်မှု ကြည့်ရှုအားပေး





နေပြည်တော် နိုဝင်ဘာ ၂၅

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ရှိ ပေါင်းလောင်း Indoor Stadium အားကစားလေ့ကျင့်ရေးစခန်း၌ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း ပိုက်ကျော်ခြင်း(အမျိုးသား) ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် ရှမ်းပြည်နယ်ကိုယ်စားပြုအသင်းတို့ ခြေစမ်းလေ့ကျင့်ယှဉ်ပြိုင်မှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများကို တွေ့ဆုံနှုတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီးက မှန်ကန်သည့် အားကစားစိတ်ဓာတ်ဖြင့် အလေးအနက်ထား ယှဉ်ပြိုင်ပြီး ဝန်ကြီးဌာနအတွက် ထိုက်တန်သည့် အောင်နိုင်မှု ဆုတံဆိပ်များကို ဆွတ်ခူးရရှိရန် ကြိုးပမ်းကြစေလိုပြီး အားကစားသမားများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ်လူငယ် အားကစားသမားများ ပေါ်ထွက်လာစေရေး အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး နှစ်ဖက်အသင်းမှ အားကစားသမားများအတွက် ဂုဏ်ပြုဆုငွေများနှင့် အင်အားဖြည့် အစားအစာများ ပေးအပ်ကာ ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်





**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက ဓာတ်မာန်သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့တွင် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ ပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများမှ ဂုဏ်ပြုသီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း၊ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်ဆုရ ကျောင်းသား၊ ကျောင်းသူများ၏ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ပွဲရွှင်ပွဲကစားပွဲများတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)













သတင်း စာမျက်နှာ ၄

















## ရှမ်းပြည်နယ်ဒေသများမှ ထွက်ရှိလာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေး၊ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်း လက်ကားဈေးအတွင်းသို့ ရှမ်းပြည်နယ်မှ ထွက်ရှိဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ ဂေါ်ဖီပွဲရုံများထံမှ သိရသည်။

အဆိုပါ ရှမ်းပြည်ဒေသထွက် ဂေါ်ဖီများသည် လက်ရှိအချိန်တွင် မန္တလေးသီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၆ ဘီးကားအစီးရေ ၅ စီးမှ ၆ စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး၊ ဈေး၌ ကုန်လက်ကျန်မရှိသလောက် အရောင်းအဝယ်ကောင်းနေကြောင်း၊ ယခုလက်ရှိအချိန်တွင် ဂေါ်ဖီဈေးနှုန်းများသည် တစ်ထုပ်လျှင် ငွေကျပ် ၁၅၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမှ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

"လက်ရှိမှာတော့ ဂေါ်ဖီက အဓိကစိုက်ပျိုးတဲ့ တောင်ပေါ်ဒေသဘက်တွေကပဲ လှိုင်လှိုင်ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသက ဂေါ်ဖီထွက် ရှိတာမရှိသေးပါဘူး။ တောင်သူတွေက အခြေအနေအကြောင်းအမျိုးမျိုးကြောင့် စိုက်တဲ့သူနည်းပါးလာပါတယ်။ ဈေးအတွင်းမှာ ရောင်းသူ ဝယ်သူတွေအနေနဲ့ အရောင်းအဝယ်ပိုင်းမှာလဲ ရောင်းကောင်းပါတယ်။ လက်ရှိမှာဒီဈေးကို ဂေါ်ဖီကားတွေအနေနဲ့ ပုံမှန်ဝင်ပါတယ်။ ဒါကြောင့် စိုက်ပျိုးသူတွေအနေနဲ့ ဈေးကောင်းများ ရရှိနေကြပါတယ်" ဟု ၎င်းက ပြောပြသည်။

အဆိုပါ ရှမ်းပြည်ဒေသထွက် ဂေါ်ဖီထုပ်များသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက် လျက်ရှိနေပြီး အရောင်းအဝယ်မှာလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယင်းဂေါ်ဖီများ ရောင်းအားကောင်းရရှိနေခြင်းနှင့်အတူ ကျန်သည့်ကုန်သီးနှံများဖြစ်သည့် အာလူး၊ သခွားသီး၊ ခရမ်းချဉ်သီး၊ မုန်ညင်းဖြူ၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်လခါးသီး၊ ခရမ်းသီး၊ ဘိုစားပဲနှင့် ပန်းမုန်လာတို့သည်လည်း အရောင်းအဝယ်ကောင်းများဖြစ် ရောင်းချနေရကြောင်း၊ လက်ရှိအချိန် ဈေးသို့ ကုန်မျိုးစုံ ဝင်ရောက်နေသည့် ကားအစီးရေမှာ နေ့စဉ်ပုံမှန်ဝင်ရောက် လျက်ရှိနေကြောင်း သိရသည်။

(၀၇၃)

❍ စာမျက်နှာ ၂၄ မှ

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲ တွင် Junior Lions အသင်းက မဟာယူနိုက်တက်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်း သရေပွဲကြောင့် Junior Lions အသင်းသည် ဂိုးပြတ်နိုင်ပွဲရယူပြီး ဒုတိယနေရာ တက်လှမ်းနိုင်ခဲ့သည်။ Junior Lions အသင်းအတွက် ဂိုးများကို ခုနစ်မိနစ်တွင် သော်ဇင် ကို၊ ၁၂၊ ၁၉၊ ၈၂၊ ၈၆ မိနစ်တွင် စိုင်းဘိုဘိုကျော်၊ ၅၉ မိနစ်တွင် စွမ်းဇာနည်တို့က သွင်းယူပြီး မဟာယူနိုက်တက်အတွက် ချေပဂိုးတစ်ဂိုးကို နှစ်မိနစ်တွင် သန့်ဇော်ဟိန်းက သွင်းယူခဲ့သည်။

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက် နှစ်ဂိုးစီ သရေကျခဲ့သည်။ ဟံသာဝတီအသင်းအတွက် ဂိုးများကို ကိုးမိနစ်တွင် အောင်မင်းခန့်၊ ၆၃မိနစ်တွင် ဇော်လင်းအောင်တို့က သွင်းယူပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၂၉မိနစ်တွင် သော်ဇင်နိုင်၊ မိနစ် ၄၀တွင် ထက်မြတ်မောင်တို့က သွင်းယူခဲ့သည်။



ပွဲစဉ်(၂၅)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၂မှတ်ဖြင့် ချန်ပီယံဖြစ်ထားပြီး Junior Lions အသင်းက ၄၈မှတ်၊ အား/ကာသိပ္ပံအသင်းက ၄၆မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၄၂မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၃၇မှတ်၊ သစ္စာအားမာန်အသင်းက ၃၅မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၂၉မှတ်၊ ရတနာပုံအသင်းက ၂၈မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၂၇မှတ်၊ Dagon Port အသင်းက ၂၁မှတ်၊ မြဝတီအသင်းက ၁၉မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၂မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၁မှတ်ရရှိထားသည်။ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲသာလိုတော့ပြီး ဒဂုံစတားယူနိုက်တက်အသင်းသည် ပွဲကုန်ကစားထားကာ ကျန်အသင်းများမှာမူ တစ်ပွဲစီကစားရန် ကျန်ရှိနေသည်။

သတင်း-ကိုညီလေး၊
ဓာတ်ပုံ-MNL

# ချမ်းမြေ့ရိပ်မြုံ

မြတ်ထေရ်ကျော်

'ပန်းကလေးများပွင့်တော့မည်
ဖူးတံဝင့်လို့ချီ
နေခြည်မှာ ရွှေရည်လောင်း
ငါတို့စာသင်ကျောင်း'

၁၉၈၅ ခုနှစ်၊ ဇွန်လ ၁ရက်၊ ရွှေရောင်ပမာ လင်းလက်နေသော နေရောင်ခြည်ကြောင့် ခနဖြူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းသို့ ထိုမှ၊ ဤမှ ကျောင်းသား၊ ကျောင်းသူများမှာ အဖြူရောင်အင်္ကျီ အစိမ်းရောင်လုံချည်ဝတ်ဆင်လျက် အချို့စက်ဘီးစီး၍၊ အချို့လမ်းလျှောက်၍ ရွှင်မြူးတက်ကြွစွာ လာရောက်ကြပုံ အခြင်းအရာကို မောင်ထွန်းအေး နှစ်လိုအားရဝမ်းသာစွာ မြင်ရလေ၏။

နံနက်ခင်း နှစ်ထပ်ကျောင်းဆောင်တန်းကြီးသည် ကျောင်းခန်းများ၊ ရုံးခန်း၊ စာသင်ခုံများ၊ ကျောက်သင်ပုန်းများ၊ စာသင်ခန်းအလိုက်၊ အတန်းအလိုက်နေရာအသီးသီးသို့ သူသူကိုယ်ကိုယ် သူ့အတန်း၊ ကိုယ့်အတန်း သူ့စာသင်ခန်း၊ ကိုယ့်စာသင်ခန်းတွင် အခြေခံပညာသင်ယူရန် သွားကြ၊ လာကြ နေရာယူကြလေပြီ။

ဆရာ၊ ဆရာမများ၏ သွားပုံလာပုံရွှင်မြူး တက်ကြွပုံ အခြင်းအရာတွေက မောင်ထွန်းအေး၏စိတ်ထဲ အလိုအလျောက် ရွှင်လာ၏။ မြူးလာ၏။ တက်ကြွလာ၏။

ခနဖြူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၈၅ ခုနှစ် နဝမတန်းပညာရေးအတွက် စာသင်ခန်းမှာ အခန်း(E)ရှိ စာသင်ခုံ၌ နေရာရရှိကြောင်း ထိုတစ်နေ့က ကျောင်းအပ်စဉ် ကျောင်းသားလက်ခံသော ဆရာမတစ်ဦးက ပြောပြ၍ မောင်ထွန်းအေး သိရှိပြီး ဖြစ်သည်။

'အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက' ကျောင်းသားလက်ခံသော ဆရာမက မိမိရှေ့ရောက်လာသော မောင်ထွန်းအေးကို အသေအချာကြည့်လိုက်သည်။

'မင်းရဲ့ဆံပင်က ရှည်နေတယ်ကွဲ့ ဆံပင်ကို တိုတိုညှပ်ခဲ့။ ဆံပင်ညှပ်ပြီးမှ ဒီကို ပြန်လာ၊ ဟုတ်လား။'

သည်လိုနှင့် မောင်ထွန်းအေး ဆံပင်ညှပ်ဆိုင်ဘက် ဦးလှည့်ခဲ့၏။ တော်သေး၏။ ဆံပင်ညှပ်ဆိုင်မှာ အထက်တန်းကျောင်းကြီး၏အနောက်ဘက်တွင်ရှိသည်မို့ အချိန်ခဏကြာ ဆံပင်ညှပ်သမားအမျိုးသားက မောင်ထွန်းအေး၏ဆံပင်ကို ခပ်တိုတိုညှပ်ပေးလိုက်သည်။

မောင်ထွန်းအေးသည် ဆံပင်ညှပ်ပြီးသောအခါ စာသင်ကျောင်းဘက်သို့ပြန်လာ၏။ ဆံပင်ညှပ်ခိုင်းသော ဆရာမထံ သူဆံပင်ညှပ်ခဲ့ပြီဖြစ်ကြောင်း ဆရာမ၏ရှေ့တွင်ရပ်ပြလိုက်မှ ဆရာမသည် ကြည်ကြည်နူးနူးရှိလျက် မောင်ထွန်းအေးကို ကျောင်းလက်ခံလိုက်၏။ ဆရာမ၏မျက်နှာမှာ ပြုံးယောင်သမ်းလျက်။

မောင်ထွန်းအေးသတိထားမိ၏။ ကျောင်းဖွင့်စ မိုးဦးအခါ မြေသင်းနံ့က ကြိုင်လှိုင်၏။ နှစ်ထပ်စာသင်ကျောင်းဆောင်ကြီး၏ရှေ့ ဥပစာ စိန်ပန်းပင်ကြီးမှာ အပွင့်တွေနှင့် ရဲရဲနီလျက်။ ပင်မြင့်ရဲ ထက် စိန်ပန်းပွင့်တွေနဲ့ ပင်ခြေတွင်မူ အနီရောင်ကော်ဇောတစ်ချပ် အဖြစ် စိန်ပန်းပွင့်တွေက ပန်ဆင်၍ ခင်းပြထားပါလေ၏။

ထိုစိန်ပန်းပွင့်တို့၏ ပွင့်ပုံအခြင်းအရာလှပသလိုမျိုး အခြေခံပညာတိုးတက်သင်ယူဖို့ ခနဖြူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ခန်းများသို့ သွက်လက်စွာလှမ်းလာသော ကျောင်းသား၊ ကျောင်းသူများ၏ခြေလှမ်းများ သူတို့၏ပညာသင်ယူလိုစိတ်တွေက ပို၍ လှပနေကြ၏။

နှစ်ထပ်ကျောင်းဆောင်ကြီးမှာ စကြံများ၊ စာသင်ခန်းများနဲ့ တောင်ဘက်တွင် မျက်နှာမူလျက် အင်္ဂလိပ်စာလုံး G ပုံစံ ဆောက်လုပ်ထားပုံမှာ လူငယ်တို့၏အနာဂတ်ပညာရေး ဖွံ့ဖြိုးတိုးတက်ဖို့ ခနဖြူမြို့ရှိ ဂုဏ်ဒြပ်တစ်ခုဖြစ်လျက် လှပထည်ဝါစွာ တည်ဆောက်ထားပုံက မောင်ထွန်းအေး၏စိတ်ထဲ အံ့သြမှု၊ ချစ်ခင်မှု၊ ကြည်နူးမှုတွေ ဖြစ်စေ၏။

မောင်ထွန်းအေး၏ မျက်လုံးအစုံက ဘေးဘီဝေ့ကြည့်၏၊ နဝမတန်း(E)အခန်းတွင် ကျောင်းသား၊ ကျောင်းသူတွေ စုံလျက်ရှိလေပြီ။ ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများ၏ သင်ကြားပြသမှုကိုသင်ယူရန် အသင့်ရှိနေကြပြီ။

ခဏအကြာ စာသင်ခန်း၏ အရှေ့တံခါးပေါက်မှ ဆရာမတစ်ယောက်ဝင်လာ၏။ ထိုအခါ -

'မင်္ဂလာပါ ဆရာမ'

ထိုင်ရာမှထ၍ ဆရာမအား မောင်ထွန်းအေးရော ကျောင်းသား၊ ကျောင်းသူတွေရော နှုတ်ဆက်သံမှာ တိတ်ဆိတ်ငြိမ်သက်နေခြင်းကို ဖောက်ခွင်းလိုက်သည်။

'မင်္ဂလာပါကွယ်၊ ထိုင်ကြ၊ ထိုင်ကြ။ ဆရာမက မင်းတို့တွေရဲ့ အတန်းပိုင်ဆရာမ ဒေါ်ဖြူဖြူပါ။ နဝမတန်း မြန်မာဖတ်စာ သင်ကြားပို့ချမှာ ဖြစ်ပါတယ်။'

'သည်နေ့က ကျောင်းစဖွင့်တဲ့နေ့ဆိုတော့ နဝမတန်းပညာရေးကို စိတ်ပါဝင်စားဖို့၊ ကျောင်းတက်မှန်ဖို့၊ အတန်းချိန်မလွတ်ဖို့၊ ကျောင်းမပြေးဖို့၊ အစကောင်းမှ အနှောင်းသေချာဆိုသလို ပိုလို့ ပိုလို့ကြိုးစားရင်း တစ်နှစ်တာ အတန်းပညာရ၊ ဖတ်မှတ်လေ့လာလိုက်နော၊ လေ့ကျင့်တဲ့အခါ အောင်မြင်ကြမှာပါကွယ်။'

တကယ်တော့ မောင်ထွန်းအေးက ဘုန်းကြီးကျောင်းသား၊ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် စံကင်းရွာကြီးမှာ မြကျိုက်ပုံဘုရား၊ ဈေးတန်း၊ ဈေးဝယ်သူ၊ ဈေးရောင်းသူ၊ ဈေးဆိုင်တွေဖြင့် စည်ကားလှသည်။

စံကင်းရွာ၏အရှေ့ဓမ္မာရုံကျောင်းမှာ မောင်ထွန်းအေး၏အဘိုးဘုန်းကြီး ဦးဆန္ဒာဓိက ကျောင်းထိုင်စဉ် မောင်ထွန်းအေးကို သနား၍ စံကင်းရွာအခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းထားပေးလေ၏။

ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသလို မောင်ထွန်းအေးအဖို့ အဘိုးဘုန်းကြီးအား ဆွမ်းချက်ကပ်ခြင်း စံကင်းရွာရှိ ရပ်ကွက်တွေထဲ ဆွမ်းဟင်းအိုးယူခြင်း နိစ္စဓူဝကျောင်းတက်ခြင်းဖြင့် တစ်ရက်ပြီးတစ်ရက် နောက်တစ်ရက် တစ်လပြီးတစ်လ နောက်တစ်လ၊ ဘဝအချိန်တွေထဲ စီးမျောလိုက်ပါခဲ့၏။

၁၉၈၄ ခုနှစ် ၈ တန်းပညာကို ခနဖြူမြို့၏အရှေ့ဘက်ကမ်းရှိ စံကင်းရွာအခြေခံပညာအလယ်တန်းကျောင်းတွင် မောင်ထွန်းအေးသည် မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ စသည် နေ့စဉ်သင်ယူလေ့လာ၍ အားရဝမ်းသာရွှင်မြူးလျက် 'ကျောင်းမှန်မှန်တက် စာမခက်'ဟုဆိုသည် မဟုတ်လော။

ဧရာဝတီမြစ်သည် မြောက်မှတောင်သို့ စီးဆင်းနေ၏။ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် ခနဖြူမြို့ရှိပေရာ ခနဖြူစံကင်းရေကြောင်း ခရီးသွားလာရေးမှာ စက်လှေ၊ မော်တော်များနှင့် အချိန်သတ်မှတ်၍ တစ်နေကုန် ပြေးဆွဲလျက်ရှိ၏။

ကျောင်းအုပ်ဆရာကြီး ဦးစံသိန်း ရှစ်တန်းအင်္ဂလိပ်စာပြဆရာ ဦးအေးမောင်၊ ရှစ်တန်းသမိုင်းဘာသာပြ ဆရာမဒေါ်ခင်ဝင်းတို့သည် ခနဖြူဘက်ကမ်းမှ ဧရာဝတီမြစ်ကြောင်းခရီးဖြတ်ကျော်လျက် အရှေ့ဘက်ကမ်းရှိ စံကင်းရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ နေ့စဉ်လာရောက်ကြသည်ကို မောင်ထွန်းအေး သတိပြုမိသည်။

စာသင်ကျောင်းမှာ မောင်ထွန်းအေးနေသော ဓမ္မာရုံဘုန်းကြီးကျောင်း၏အနောက်ဘက်ကပ်လျက်တည်ရှိတာကြောင့် မောင်ထွန်းအေးအဖို့ ကျောင်းတက်၊ ကျောင်းဆင်း အဆင်ပြေလှ၏။

အချိန်အားလျော်စွာ ကျောင်းတက်မှန်ခြင်း၊ ဆရာ၊ ဆရာမများ၏ သင်ကြားမှုကို နာယူမှတ်သားခြင်း၊ ရေးသားခြင်း၊ ကျက်မှတ်ခြင်း၊ ဘုန်းကြီးကျောင်း၏ဝေယျာဝစ္စ ပြုလုပ်ခြင်းဖြင့် ၁၉၈၄ ခုနှစ် အတန်းတင်စာမေးပွဲတွင် ဒုတိယဆုဆွတ်ခူးရရှိလျက် သူ့ဘဝတစ်သက်တာ ပျော်ရွှင်စရာ ဝမ်းသာစရာနဲ့ မောင်ထွန်းအေး တွေ့ကြုံခဲ့၏။

ဧရာဝတီမြစ်သည် စီးဆင်းနေ၏။ ထို့အတူ အချိန်ဟူ၍သတ်မှတ်ထားသော စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ တို့လည်း ရွေ့လျားလျက်။

စံကင်းရွာဓမ္မာရုံကျောင်းဘုန်းကြီး ဦးဆန္ဒာဓိကသည် မြေးဖြစ်သူ မောင်ထွန်းအေး၏ ၉ တန်း ပညာဆက်လက်သင်ယူနိုင်ရေးအတွက် မောင်ထွန်းအေးကို ခနဖြူမြို့ရှိ ရွှေဟင်္သာကျောင်း ဆရာတော် ဦးကုဝေရထံကိုယ်တိုင် အပ်နှံပေးတော်မူလေ၏။ အဘိုး ဘုန်းကြီး၏ စောင့်ရှောက်မှု၊ ရွှေဟင်္သာကျောင်းဆရာတော်၏ လက်ခံမှုကြောင့် မောင်ထွန်းအေးတစ်ယောက် ခနဖြူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းတက်ခွင့်ရခဲ့ပြန်၏။

နံနက်စာကို ရွှေဟင်္သာကျောင်းတွင်စားခဲ့၍ နံနက် ၉ နာရီ ကျောင်းတက်အမီ စမ်းချောင်းရပ်ကွက်ကို ဖြတ်ကျော်၍ အခြေခံပညာအထက်တန်းကျောင်းသို့ မောင်ထွန်းအေးလှမ်းလာခဲ့၏။

ဝမ်းရေးအတွက် ဆိုက်ကားနင်း၍ ဝင်ငွေရှာသော ဆိုက်ကားသမားနှစ်ဦး၊ သုံးဦးမှာ ဆိုက်ကားပေါ်ထိုင်လျက် ထိုနား၊ ဤနား ဆိုက်ကားစီး၍ သွားမည့်သူပေါ်လာနိုးနှင့် စောင့်နေကြပုံကို မောင်ထွန်းအေး မြင်သောအခါ ထိုသူတို့အား သနားချစ်ခင်စွာဖြင့် ကြည့်ဖြစ်သလို ထိုသူတို့၏ စိတ်ဓာတ်တည်ငြိမ်ဟန်အမူအရာမှာ မောင်ထွန်းအေးအဖို့ အံ့သြစရာဖြစ်နေ၏။

ညာချိုး၊ ဘယ်ကွေ့၊ လမ်းအတိုင်း လျှောက်လှမ်းလာစဉ် အခြေခံပညာအထက်တန်းကျောင်းတွင် အောက်ထပ်ရှိ စာသင်ခန်းများအနက် နဝမတန်း E အခန်းတွင် ဝင်ရောက်၍ သူ့နေရာနှင့်သူ မောင်ထွန်းအေး ထိုင်နေ၏။

ခဏအကြာ မောင်ထွန်းအေးအနား သန်းအောင်ရောက်လာ၏။

'ဒီနေ့ကျောင်းရောက်တာစောသားပဲ သန်းအောင်'

'အေးကွ…မနက်အိပ်ရာက စောစောထ ကြိုတင်ပြင်ဆင်၊ မော်တော်ဆိပ် ဆင်းလာရတာ'

တကယ်တော့ အတန်းဖော် သန်းအောင်မှာ အရှေ့ဘက်ကမ်းရှိ စံကင်းရွာမှ မော်တော်စီး၊ ဧရာဝတီမြစ်ကို ဖြတ်ကျော်ပြီး ခနဖြူဘက် အနောက်ဘက်ကမ်းတွင် နေ့စဉ် ကျောင်းတက်၍ အခြေခံနဝမတန်းပညာကို သင်ယူသူဖြစ်ပါ၏။

နံနက် ၉ နာရီ၊ စာသင်ခန်းအတွင်းသို့ အခန်း၏အရှေ့တံခါးပေါက်မှ အတန်းပိုင်ဆရာမ ဒေါ်ဖြူဖြူ ဝင်လာ၏။

'မင်္ဂလာပါ ဆရာမ'

ကျောင်းသား၊ ကျောင်းသူတွေ ထိုင်ရာမှထ၍ နှုတ်ဆက်သံက ချိုမြ၍ ဆရာမ၏မျက်နှာမှာ ဖြူစင်သော စိတ်နှလုံးကလာသော သဘောအမူအရာနှင့် ကိုယ်ဟန်ယဉ်ကျေးစွာနှုတ်ဆက်သံက ပို၍ ချိုသယောင်ထင်ရပါ၏။

'မင်္ဂလာပါကွယ်၊ ထိုင်ကြ၊ ထိုင်ကြ'

'တန်ဆောင်မုန်းလ ရောက်လာပြီ။ တို့ကျောင်းကြီးက စုပေါင်းမဟာကထိန်ပွဲအတွက် တို့နဝမတန်း E အခန်းက ပဒေသာပင်တစ်ခုသီးပြီး လှူကြရမှာ၊ ပဒေသာပင်လုပ်ဖို့ စဉ်းစားကြ၊ ပဒေသာပင်လုပ်ရင်လည်း ပန်းကန်ပြားထဲ ငွေထည့်လှူရုံပေါ့ကွယ်'။

'ဘဝမှာ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားမနေကြနဲ့၊ E အခန်းဆိုတဲ့ အတိုင်း အီးမဖြစ်ကြဖို့ အရေးကြီးတယ်'

အတန်းပိုင်ဆရာမ ဒေါ်ဖြူဖြူ၏စကားသံကို မောင်ထွန်းအေးနှင့်အတူ နဝမတန်း E အခန်းက ကျောင်းသူတွေ၊ ကျောင်းသားတွေ အပ်ကျသံကြားရလောက်အောင်ပင် ငြိမ်သက်စွာ နားထောင်နေကြ၏။ ဆရာမဒေါ်ဖြူဖြူက အရပ်ပု၍ အသားဖြူသည်။ ကြည့်၍ ကောင်းလောက်အောင်ဝသော ကိုယ်ဟန်ရှိ၍ အင်္ကျီအဖြူ လုံချည်စိမ်းဝတ်ဆင်လျက် ဆံပင်၏ပြုပြင်ထားဟန်က သန့်ရှင်းစွာ ထုံးဖွဲ့ထား၏။

ဧရာဝတီမြစ်သည် စီးဆင်းနေ၏။ စာသင်ချိန်များ၊ ဆရာ၊ ဆရာမများ၊ နဝမတန်းဆိုင်ရာ ဘာသာရပ်များသင်ကြားမှု၊ သင်ယူမှုတွေက ဧရာဝတီမြစ်ရေအလား ပြောင်းလဲလျက်ရှိ၏။

(ဆက်လက်ဖော်ပြပါမည်။)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Aishwarya Rai Bachchan အပါအဝင် အနုပညာရှင်သုံးဦး ဟောလိဝုဒ်ရုပ်ရှင်ကို ငြင်းဆိုထား

အနောက်နိုင်ငံမှ ဟောလိဝုဒ်ရုပ်ရှင်လောကတွင် အရှေ့တိုင်းသရုပ်ဆောင်များကို ခေါ်ယူရိုက်ကူးလေ့ရှိရာ နာမည်ကြီး ဘောလိဝုဒ်အနုပညာရှင်သုံးဦးက ငြင်းဆိုထားရာ အစ်ရှ်ဝါရ်ယာရိုင်းဘဂျမ်းလည်းပါဝင်သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယခင်က ဟယ်ရီဆင်းဖိုဒ်၏ Indiana Jones And The Tample Of Doom တွင် ဘောလိဝုဒ်မင်းသားကြီး အမ်ရိရှ်ပူရီက ဗီလိန်နေရာမှ ပါဝင်ထားကာ Blood Stone တွင်လည်း တမီးလ်မင်းသားကြီးရာဂျစ်ခန်အဓိကပါဝင်ခဲ့ဖူးသည်။

ဟောလိဝုဒ်ရုပ်ရှင်တွင် ပါဝင်ခဲ့ရမည့်အခွင့်အရေးကို လက်လွှတ်ခဲ့ကြသည့် အိန္ဒိယသရုပ်ဆောင်သုံးဦးမှာ Interstellar ကို ငြင်းပယ်ခဲ့သည့် အာရ်ဖန်ခန်၊ Slum Dog Millionare ကို ငြင်းပယ်ခဲ့သည့် ရှာရွတ်ခန်နှင့် Troy ကို ငြင်းခဲ့သည့် အစ်ရှ်ဝါရီယာရိုင်းဘဂျမ်းတို့ ပါဝင်သည်။

SKY

## James Jirayu က ဆယ်နှစ်တာ ချစ်သူဘဝကို အဆုံးသတ်ခဲ့

ထိုင်းအနုပညာရှင် ဂျိမ်းစ်ဂျီအာယူသည် ဆယ်နှစ်တာချစ်သူအဖြစ် လက်တွဲခဲ့သောချစ်သူနှင့် ချစ်သူဘဝအဆုံးသတ်၍ လက်ထပ်ခွင့်တောင်းရာတွင် စိတ်လှုပ်ရှားခဲ့သည်ဟု ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

ဂျိမ်းစ်ဂျီအာယူက ချစ်သူဖိုအန်ကို အနုပညာလုပ်ငန်းများကြောင့် ဆယ်နှစ်တာကြာမြင့်ခဲ့ပြီးမှ လက်ထပ်ခွင့်တောင်းခဲ့ရာတွင် စိတ်လှုပ်ရှားမှုရှိခဲ့သည်ဟု ဝန်ခံခဲ့သည်။

ချစ်သူကိုမထင်မှတ်ထားသည့်အချိန်တွင် ဒူးထောက်၍လက်ထပ်ခွင့်တောင်းရာ အံ့အားတသင့်နှင့် ကျေနပ်ပျော်ရွှင်သော မျက်ဝန်းကို တွေ့ခဲ့ရသည်ဟု ဆိုသည်။

ချစ်သူဖိုအန်ကလည်း အပတ်တိုင်း အားကစားအတူလုပ်နေပြီး အရိပ်အယောင်မပြဘဲ လက်ထပ်ခွင့်တောင်းသည်ကို အံ့အားသင့်ဖြစ်ခဲ့ရသည်ဟု On Bangkok Events တွင်ထုတ်ဖော်ပြောကြားခဲ့ကာ မင်္ဂလာပွဲကျင်းပမည့်နေ့ကို ထပ်မံကြေညာမည်ဟု ပြောကြားထားသည်။

SKY



## ဆံပင်ကျွတ်ခြင်းနှင့်ဆီးကျိတ်ရောင်ပျောက်ဆေး ကိုလက်စထရောလျှော့ချပြီး နှလုံးရောဂါကာကွယ်နိုင်




အမေရိကန်ပြည်ထောင်စုတွင် ဖင်စတာရိုက်ဟုအမည်ရသောဆေးကို ဆံပင်ကျွတ်ခြင်းနှင့် ဆီးကျိတ်ရောင်ပျောက်ဆေးအဖြစ် ၁၉၉၂ခုနှစ် ကတည်းက အများမှီဝဲသောက်သုံးခဲ့ကြသည်။

ထိုဆေး၏အာနိသင်များအကြောင်းကိုသိလိုသဖြင့် အမေရိကန်ပြည်ထောင်စု အီလီနွိုက်စ်တက္ကသိုလ် အစားအစာသိပ္ပံနှင့် လူသားအာဟာရဗေဒဌာန လက်ထောက်ပါမောက္ခဒေါက်တာ ဂျော်မီအမင်ဂူယယ် ဦးဆောင်သော သုတေသီများ သုတေသနပြုလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ဖင်စတာရိုက်ဆေးသည် လူ့ကိုယ်ခန္ဓာအတွင်းရှိ ကိုလက်စထရောပမာဏကိုလျှော့ချပြီး နှလုံးရောဂါကိုကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ယင်းသုတေသီများသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကောက်ခံရရှိသောအချက်အလက်များအပေါ် အခြေခံ၍ သုတေသနပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SCI

## BTS မှ Jin@ Kim Seokjin က ဘူဆန်တွင် ရသစုံအစီအစဉ်၌ ပါဝင်

ဘီတီအက်စ်အဖွဲ့ဝင် ဂျင်(ခေါ်)ကင်ဆွတ်ဂျင်သည် အနုပညာလုပ်ငန်းများနှင့် အချိန်ပြည့်နေရာမှ ဘူဆန်ရသစုံအစီအစဉ် Handsome Guys Variety Show တွင် ပါဝင်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျင်(ခေါ်)ကင်ဆွတ်ဂျင်သည် ဘီတီအက်စ်အဖွဲ့တွင် အသက်အကြီးဆုံးဖြစ်ပြီး သူ၏ချောမောမှုကိုအမြဲဂုဏ်ယူနေတတ်ကာ ပျော်ရွှင်စွာနေထိုင်၍ အပျော်များမျှဝေပေးသူလည်းဖြစ်ပြီး ဘူဆန်ငါးဈေးတန်းတွင် အလုပ်လုပ်ရာ၌ ပါဝင်ခဲ့သည်။

ရောခ့်စတားဂျင်က သီဆိုနေကြပုံနှင့် ခွဲထွက်၍ စိတ်ပျော်ရွှင်မှုပေးသည့် သီချင်း I'll Be There ကို Happy အယ်လ်ဘမ်တွင် မြင်တွေ့ကြရပြီး နိုဝင်ဘာလတွင် ထွက်ရှိလာမည်ဖြစ်ကာ ကုန်အမှတ်တံဆိပ်များစွာ၏ အနုပညာသံတမန်တစ်ဦးလည်း ဖြစ်ခဲ့သည်။

SKY






## The Air He Breathes ရုပ်ရှင်မှာ Bri Hainy Cherry ဝတ္ထုကို အခြေခံ ရိုက်ကူးထား

နာမည်ကြီးစာရေးဆရာ Bri Hainy Cherry ၏ ဝတ္ထုကို အခြေခံရိုက်ကူးထားသည့် The Air He Breathes ရုပ်ရှင်မှာ ရသသစ်တစ်မျိုးနှင့်ကြည့်ရှုရသည့် ဇာတ်ကားဖြစ်ပြီး ပရိသတ်စိတ်ဝင်စားမှုရရှိထားသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် ခင်ပွန်းသည် ကားတိုက်မှုနှင့်ဆုံးရှုံးခဲ့ရပြီးနောက် သမီးလေးတစ်ဦးနှင့် အခြားနေရာပြောင်းရွှေ့ခဲ့ရာမှ လမ်းတွင် ခွေးလေးတစ်ကောင်ကို ကားနှင့်တိုက်မိခဲ့သည်။ ထို့နောက် ခွေးပိုင်ရှင်နှင့် သိကျွမ်းခဲ့ရသည်။

ခွေးပိုင်ရှင်မှာလည်း ဇနီးနှင့်သားဖြစ်သူကိုဆုံးရှုံးထားသူဖြစ်၍ အိမ်ထောင်ကိုယ်စီဆုံးရှုံးထားကြသူနှစ်ဦးအချင်းချင်းရင်ဖွင့်ခဲ့ကြရာမှ ဆွတ်ပျံ့ကြည်နူးဖွယ်ဘဝတစ်ခုကို ထူထောင်ရန်ကြိုးစားကြပုံကို မြင်တွေ့ကြရသည်။

SKY

## Kim Nam Gil ၏ The Fiery Priest 3 ထွက်ရှိလာ

အနုပညာရှင်ကင်နမ်ဂီလ်ပါဝင်ထားသည့် The Fiery Prirest သည် ငါးနှစ်ကြာမှအပိုင်းနှစ်အဖြစ် မူလသရုပ်ဆောင်များနှင့်အတူ နိုဝင်ဘာ ၈ရက်တွင် ထွက်ရှိလာသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အက်စ်ဘီအက်စ်၏ ဒရမ်မာကားဖြစ်သော အဆိုပါကားတွင် ကင်နမ်ဂီလ်၊ ဟိုနီလီ၊ ကင်ဆောင်ကွမ်းတို့ အဓိကပါဝင်ထားကြပြီး အပိုင်းတစ်ကို ၂၀၁၉ခုနှစ်တွင် ပြသခဲ့ရာ ပရိသတ်ကြည့်ရှုနှုန်းမြင့်မားစွာရရှိထားသည်။

မူလသရုပ်ဆောင်များနှင့်ပင် ငါးနှစ်ကြာမှ အပိုင်းနှစ်ကို ရိုက်ကူးခဲ့ရာ ကွာဟမှုမရှိကြောင်း ထုတ်လုပ်ရေးအဖွဲ့က ပြောကြားထားပြီး "Bellato ၏မစ်ရှင်နှင့် စတင်သည်" ဆိုသော စာသားနှင့် ကြော်ငြာထုတ်ထားရာ ပရိသတ်စိတ်ဝင်စားမှုရရှိထားသည်။

SKY

* * * * *



## Ranbir Kapoor က Dhoom 4 အတွက် ဆံပင်စတိုင်လ်ပြောင်းထား

ဘောလိဝုဒ်အနုပညာရှင်များစွာနှင့်ရိုက်ကူးထားသည့် Dhoom-4 တွင် မင်းသားများ၏ ဆံပင်စတိုင်လ်သစ်များနှင့် ပိုစတာထွက်ပေါ်လာရာ ရမ်ဘီကပူးလ်လည်း ဆံပင်စတိုင်လ်သစ်ပြောင်းထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် ပါဝင်မည့် မင်းသားသုံးဦး၏ ဆံပင်စတိုင်လ်သစ်ကို ပိုစတာထုတ်ဝေထားရာ ရမ်ဘီကပူးလ်၊ အဘီရှိတ်ဘဂျမ်းနှင့် အဒီတို့ကို မြင်တွေ့ကြရသည်။




၂၀၂၅ခုနှစ်တွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး ရမ်ဘီကပူးလ်နှင့် ရှဒါးကပူးလ်တို့ အဓိကပါဝင်ထားကာ အဘီရှိတ်ဘဂျမ်းနှင့် အဒီတို့ပါ အားဖြည့်ထား၍ ပရိသတ်စိတ်ဝင်စားနေကြသည်။

ယင်းဇာတ်ကားအတွက် အကြိုထုတ်လုပ်မှုစတင်နေပြီဖြစ်ပြီး မကြာမီတရားဝင်သတင်းထွက်ရှိလာမည်ဖြစ်သည်။ SKY

## ဥရုဂွေးသမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ယှဉ်ပြိုင် လက်ဝဲဝါဒီသမ္မတလောင်း ယာမန်ဒူအော်စီ အနိုင်ရရှိ



**မွန်တီဗီဒီယို နိုဝင်ဘာ ၂၅**

ဥရုဂွေးသမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ ယှဉ်ပြိုင်ရာတွင် နိုဝင်ဘာ ၂၅ ရက်နေ့၌ မဲရလဒ် ပေါ်ထွက်လာခဲ့ရာ ဖြန့်ကြက်တပ်ဦးပါတီကိုယ်စားပြု လက်ဝဲဝါဒီ သမ္မတလောင်း ယာမန်ဒူအော်စီ အနိုင်ရရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုနှစ် သမ္မတရွေးကောက်ပွဲ ပထမအကျော့တွင် အဓိကသမ္မတလောင်း နှစ်ဦး ရရှိသော မဲရလဒ်သည် သတ်မှတ်ထားသော အဆင့်သို့ မရောက်ရှိခဲ့သဖြင့် ဒုတိယအကျော့ယှဉ်ပြိုင်အရွေးခံခဲ့ရခြင်း ဖြစ်သည်။

ယာမန်ဒူအော်စီရွေးကောက်ပွဲအနိုင်ရကြောင်း ဥရုဂွေးရွေးကောက်ပွဲကော်မရှင်က အတည်ပြုကြေညာလိုက်ရာ ၎င်းနှင့် ၎င်း၏ပါတီဘက်မှ အားပေးထောက်ခံသူ ထောင်နှင့်ချီ၍ လမ်းများပေါ်သို့ ထွက်ကာ အောင်ပွဲခံခဲ့ ကြသည်။

လက်ရှိ အာဏာရသမ္မတ လာကောပူ ကိုယ်စားပြုသော အမျိုးသားပါတီမှ ပြိုင်ဘက်သမ္မတလောင်း အယ်လ်ဗာရိုဒဲလ်ဂါဒူအနေဖြင့် နိုဝင်ဘာ ၂၄ ရက်ကတည်းက ယာမန်ဒူအော်စီ အနိုင်ရသည်ကို လက်ခံအသိအမှတ်ပြုခဲ့ပြီးဖြစ်သည်။

၂၀၀၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဖြန့်ကြက်တပ်ဦး ကိုယ်စားပြုသမ္မတလောင်းများ ရွေးကောက်ပွဲ အနိုင်ရခဲ့ကြောင်း သိရသည်။

**Mon**



## ရိုမေးနီးယားသမ္မတရွေးကောက်ပွဲ ပထမအကျော့၌ ရုရှားထောက်ခံသူ ချောင်ချက်စကူး ဦးဆောင်လျက်ရှိ

**ဘူခါရက်စ် နိုဝင်ဘာ ၂၅**

ရိုမေးနီးယားသမ္မတ ရွေးကောက်ပွဲ ပထမအကျော့၌ ရုရှားထောက်ခံသူ ကာလင်ချောင်ချက်စကူး ထောက်ခံမဲအများဆုံးဖြင့် ဦးဆောင်လျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နိုဝင်ဘာ ၂၄ ရက်က အဆိုပါ ရွေးကောက်ပွဲအတွက် ကောက်ခံရရှိသော မဲစုစုပေါင်း၏ ၉၉ ရာခိုင်နှုန်းကို ရေတွက်ပြီးစီး ခဲ့ရာ ၎င်းက ထောက်ခံမဲ ၂၃ ရာခိုင်နှုန်း ရရှိခဲ့သည်။

ချောင်ချက်စကူးသည် မည်သည့်ပါတီကိုမျှ ကိုယ်စားမပြုသော တသီးပုဂ္ဂလသမ္မတလောင်း ဖြစ်ပြီး တစ်တော့လူမှုကွန်ရက်မှ တစ်ဆင့် မဲဆွယ်စည်းရုံးခဲ့ကြောင်း သိရသည်။

**Mon**



လာအိုနှင့် ထိုင်းနယ်စပ် ဗန်ဗီယင်းရှိုင့်ဝှမ်းရှိ တစ်ပတ်အတွင်း ကမ္ဘာလှည့်ခရီးသွားလူငယ် ၆ ဦး အရက်အဆိပ်သင့်သေဆုံးစေခဲ့သော စားသောက်ဆိုင်တန်း တစ်နေရာကို တွေ့ရစဉ်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အားအမြန်သွင်းနိုင်သော လျှပ်စစ်ကားဘက်ထရီ ကနေဒါပညာရှင်များ ဆန်းသစ်တီထွင်ထုတ်လုပ်




**အော့တဝါ နိုဝင်ဘာ ၂၅**

အားအမြန်သွင်းနိုင်သော လျှပ်စစ်ကား ဘက်ထရီ တစ်မျိုးကို ကနေဒါနိုင်ငံမှ ပညာရှင်များ မကြာသေးမီက ဆန်းသစ်တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနကဖော်ပြသည်။

ဝါတာလူးတက္ကသိုလ် ဓာတုအင်ဂျင်နီယာပညာဌာနမှ ပါမောက္ခဇာရစ်ရန်ဝှမ်ဦးဆောင်သော သုတေသီများသည် ယနေ့ခေတ်စားလာသည့် လျှပ်စစ်ကားများတွင် အဓိကအရေးပါသော ဘက်ထရီနည်းပညာသစ်ကို ဆန်းသစ်ခဲ့ကြခြင်း ဖြစ်သည်။

လီသီယမ်အိုင်းယွန်း ဘက်ထရီချင်းတူသော်လည်း ထူးခြားသော လျှို့ဝှက်ချက်ကို ဖန်တီးထည့်သွင်းနိုင်ခဲ့ရာမှ ၁၅ မိနစ်အတွင်း ဓာတ်အား ၈၀ ရာခိုင်နှုန်း အထိသွင်းပေးနိုင်သော အဆိုပါ ဘက်ထရီကို ထုတ်လုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

အကြိမ်ရေ ၈၀၀ ထက်မနည်း အားပြန်သွင်းနိုင်သော ဘက်ထရီဖြစ်သဖြင့် လက်ရှိလျှပ်စစ်ကား ဘက်ထရီအများစုထက် ရေရှည်ခံသည်ဟု ပါမောက္ခ ဇာရစ်ရန်ဝှမ်က ရှင်းပြကြောင်း သိရသည်။

**Mon**

## လစ်သူယေးနီးယားနိုင်ငံ ဗီလ်နီးယပ်စ်လေဆိပ်အနီး ဒီအိတ်ချ်အယ်လ် ကုန်တင်လေယာဉ် ပျက်ကျမှု ဖြစ်ပွား

**ဗီလ်နီးယပ်စ် နိုဝင်ဘာ ၂၅**

လစ်သူယေးနီးယား နိုင်ငံ ဗီလ်နီးယပ်စ်မြို့တော် အပြည်ပြည် ဆိုင်ရာလေဆိပ် အနီး နိုဝင်ဘာ ၂၅ ရက်က ဒီအိတ်ချ်အယ်လ် ကုန်တင်လေယာဉ် ပျက်ကျမှုဖြစ်ပွားရာ လူတစ်ဦးသေဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

စပိန်အခြေစိုက် ဆွစ်ဖ်လေကြောင်းလိုင်းက ဒီအိတ်ချ်အယ်လ် ကုမ္ပဏီအတွက် ကုန်ပို့ဆောင် ပေးသော ဘိုးရင်း ၇၃၇ အမျိုးအစား ဂျက်လေယာဉ် ကြီး ပျက်ကျခဲ့ခြင်းဖြစ်သည်။

ဂျာမနီနိုင်ငံ လစ်ပဇစ်လေဆိပ်မှ ဗီလ်နီးယပ်စ်လေဆိပ်သို့ ဦးတည်ပျံသန်းခဲ့သော ထိုလေယာဉ် အရေးပေါ်ဆင်းသက်စဉ် ပျက်ကျခဲ့ဖြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## အပြည်ပြည်ဆိုင်ရာအနုမြူစွမ်းအင်အဖွဲ့ ညွှန်ချုပ် အီရန်နျူကလီးယားအရေး သတင်းစာရှင်းလင်း

**တီဟီရန် နိုဝင်ဘာ ၂၅**

ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင်အဖွဲ့အစည်း ညွှန်ကြားရေးမှူးချုပ် ရာဖေးလ်ဂရော့ဆီ အီရန်နျူကလီးယားအရေးနှင့် ပတ်သက်၍ ယမန်နေ့က သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အီရန်နိုင်ငံ အနေဖြင့် နျူကလီးယားစွမ်းအင် ထုတ်လုပ်သုံးစွဲမှုအခြေအနေနှင့် ပတ်သက်၍ ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန် သုံးနိုင်ငံမှ ကိုယ်စားလှယ်များနှင့် ယခုအပတ်အတွင်းတွေ့ဆုံဆွေးနွေးရန် သဘောတူညီလိုက်ကြောင်း ထိုသတင်းစာရှင်းလင်းပွဲ၌ ၎င်းက အတည်ပြုပြောကြားသည်။

အဆိုပါ ဥရောပသုံးနိုင်ငံက အီရန်နိုင်ငံ၌ နျူကလီးယားလက်နက်ထုတ်လုပ်နိုင်သည်အထိ ယူရေနီယံသန့်စင်မှုဆက်လက်လုပ်ဆောင်ခြင်းမရှိစေရန် အဓိကထားဆွေးနွေးသွားမည်ဟု ဆိုသည်။

အီရန်နိုင်ငံသည် နျူကလီးယားစွမ်းအင်ထုတ် လုပ်သုံးစွဲရန် ဟူသောအကြောင်းပြချက်ဖြင့် ယူရေနီယံသန့်စင်မှုကို တိုးမြှင့်ပြုလုပ်ခဲ့သည်ဆိုသော်လည်း နျူကလီးယားလက်နက် ထုတ်လုပ်နိုင်ရန် ရည်မှန်းထားသည်ဟု အမေရိကန်ဘက်က အကြိမ်ကြိမ်စွပ်စွဲခဲ့သည်။

ယင်းစွပ်စွဲချက်မဟုတ်မှန်ဟု အီရန်ဘက်က ယနေ့အထိ ငြင်းဆိုနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**



## ဟစ်ဇဘိုလာဘက်မှ ဒုံးလက်နက် ၂၅၀ ဖြင့် ပစ်ခတ်၊ အစ္စရေးမြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် ထိမှန်ပျက်စီး

**ဂျေရုစလင် နိုဝင်ဘာ ၂၅**

လက်ဘနွန်အခြေစိုက် ဟစ်ဇဘိုလာပြောက်ကျားများဘက်က နိုဝင်ဘာ ၂၄ ရက်တွင် ဒုံးလက်နက် ၂၅၀ ခန့်ဖြင့် ပစ်ခတ်တိုက်ခိုက်ရာ အစ္စရေးနိုင်ငံ မြောက်ပိုင်းနှင့်အလယ်ပိုင်းတွင် ထိမှန်ပျက်စီး ဆုံးရှုံးမှုများဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဘေရွတ်မြို့တော်ကို အစ္စရေးဘက်က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်ကို လက်တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဟစ်ဇဘိုလာဘက်က ထုတ်ပြန်ကြေညာသည်။

တယ်လဗီမြို့အနီးရှိ လူနေရပ်ကွက်ကို ဟစ်ဇဘိုလာ ဒုံးလက်နက်များထိမှန်ခဲ့ရာ အဆောက်အအုံများထိခိုက်ဆုံးရှုံးကာ လူအချို့ဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးဘက်က သတင်း ထုတ်ပြန်သည်။

နှစ်ဖက်အပစ်အခတ်ရပ်စဲရေးဆွေးနွေးရန် အမေရိကန်ဘက်က ဖိအားပေးဆောင်ရွက်နေသောကာလအတွင်း အပြန်အလှန်တိုက်ခိုက်မှု ပြန်လည်ဖြစ်ပွားနေခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲကျင်းပ

**မော်လိုက် နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့၌ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၂ရက် နံနက် ၁၀နာရီက အ·မ·က(၄)ကျောင်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဟောပြောပွဲတွင် အ·မ·က(၄)ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းယုက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကျော်က မူးယစ်ဆေးဝါးသုံးစွဲရခြင်း၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါး၏အဓိပ္ပာယ်နှင့် ဖြစ်မှုဖြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာဝင်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ ရှောင်ကြဉ်ရမည့်အချက်များ၊ မူးယစ်ဆေးဝါးအကြောင်းသိကောင်းစရာများကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြန်/ဆက်ဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ခေါင်းစဉ်များဖြင့် ပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) မြို့နယ်(ပြန်/ဆက်)**





## စက်မှုဇုန်နှင့်စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေးကွင်းဆင်းစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့ စက်မှုဇုန်ရှိ စက်ရုံ၊အလုပ်ရုံနှင့် စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် နိုဝင်ဘာ ၂၁ရက်က ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနက ကွင်းဆင်းစစ်ဆေးခဲ့သည်။

စစ်ဆေးရာတွင် ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက စက်မှုဇုန်မှ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီး စက်ရုံ ငါးရုံအား မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုခြင်းနှင့် Fire Safety Certificate ရယူ ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြလေ့ကျင့်ပေးခဲ့ပြီး မီးဘေးဖြစ်ပေါ်လာပါက မီးသတ်ဦးစီးဌာနသို့ အချိန်မီသတင်းပို့ရန်နှင့် မီးဘေးအန္တရာယ်စီမံချက်ရေးဆွဲထားရန် ဆွေးနွေးအကြံပြုစစ်ဆေးခဲ့သည်။

ဆက်လက်၍ စက်သုံးဆီအရောင်းဆိုင်များအားစစ်ဆေးရာတွင် ရာသီဥတုပူပြင်းသည့် ကာလများ၌ စက်သုံးဆီများကို မီးဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျ သိုလှောင်ရောင်းချနေမှု ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများ တပ်ဆင်အသုံးပြုနေမှု ရှိ၊ မရှိ စစ်ဆေးပြီး စက်သုံးဆီအရောင်းဆိုင်ရှင်များနှင့်ဝန်ထမ်းများအား အရေးပေါ်မီးဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့ပါက မီးသတ်ဆေးဘူးများဖြင့် မီးကို စနစ်တကျ ငြိမ်းသတ်ရမည့် နည်းလမ်းများ၊ သဲ ၊ရေကန်များကို စနစ်တကျ ထားရှိဆောင်ရွက်ရန် စက်သုံးဆီအရောင်းဆိုင်ပိုင်ရှင်များအား အသိပညာပေး ပြောကြားခဲ့သည်။

ထို့နောက် ရွှေဘိုမြို့ ရန်အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းတိုက်ရှိ စာချစာသင်သံဃာတော်များအတွက် ရေဂါလန် ၂၄၀၀ နှင့်ဆန် တစ်အိတ်၊ ဆရာဒကာအသင်းဘုန်းတော်ကြီးကျောင်းသို့ ဆန် တစ်အိတ်ကို ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၃၉၄)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် ဆိုင်ကယ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုးကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၆ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုးကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကလေးမြို့၊ တောင်ဖီလာရပ်ကွက် စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ယာဉ် သုံးစီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖမ်းဆီးရမိမှုများတွင် လုပ်ငန်းသုံးပစ္စည်းများ တရားမဝင်တင်သွင်းလာသည်ကို တွေ့ရှိရပြီး ထိုကဲ့သို့ တရားမဝင်ပစ္စည်းများ တင်သွင်းလာမှုကြောင့် တရားဝင်တင်သွင်းသည့် လုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာမှုဖြစ်စေခြင်းနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းစေခြင်းတို့ ဖြစ်ပေါ်စေနိုင်သဖြင့် ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နိုဝင်ဘာ ၂၁ ရက် ညနေ ၃ နာရီခွဲက သက်သေများနှင့်အတူ လှိုင်လင်မြို့၊ ရပ်ကွက်(၂)၊ လှိုင်လင်-တောင်ကြီးသွားကားလမ်းတွင် ဝမ်ရှင်းဝင်(ခ)ချင်းဝေဆိုသူ မောင်းနှင်ပြီး မမိုခမ်း လိုက်ပါလာသည့် HONDA FIT အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဝမ်ရှင်းဝင်(ခ)ချင်းဝေ(၅၂နှစ်) နှင့် မမိုခမ်း(၃၀နှစ်)ဆိုသူတို့အား လှိုင်လင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နိုဝင်ဘာ ၂၁ ရက် ညနေ ၆ နာရီ ၃၅ မိနစ်က သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ်၊ ညောင်ညိုကျေးရွာအနီးတွင် ကျခါးဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျခါး(၁၉နှစ်)အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇)သို့ တက်ရောက်ရန် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်းသို့ ရောက်ရှိလာသည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြ သည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများ၊ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဟိုပုံးမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကျင်းပ



ဟိုပုံး နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၇/၂၀၂၄)သင်တန်း တက်ရောက်မည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းရတနာများအား နိုဝင်ဘာ ၂၄ ရက်က တပ်မတော် ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းတွင် ကြိုဆိုခဲ့ကြသည်။

**လှိုက်လှဲစွာကြိုဆို**

ထိုသို့ကြိုဆိုရာတွင် ဟိုပုံးတပ်နယ်မှူးနှင့် အရာရှိကြီးများ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့်ဌာနဆိုင်ရာများက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၇/၂၀၂၄) သင်တန်း တက်ရောက်မည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း ရတနာများအား အောင်သပြေများဖြင့် လှိုက်လှဲစွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ဘုရင့်နောင်ခန်းမတွင် ဟိုပုံးတပ်နယ်မှူးက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၇/၂၀၂၄)သင်တန်း တက်ရောက်မည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း ရတနာများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း ရတနာများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ငဖဲမြို့နယ် ဘုံးဘောကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ




နေပြည်တော် နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဘုံးဘောကျေးရွာကို နိုဝင်ဘာ ၂၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း ဝင်ရောက်လာပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားပြီး အများပြည်သူ အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်နေ့တွင် ငဖဲမြို့နယ် ဘုံးဘောကျေးရွာအတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများစုဖွဲ့ ရောက်ရှိနေကြောင်း မြေပြင်သတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ရာ ဘုံးဘော ကျေးရွာအတွင်းမှ အကြမ်းဖက် သမားများနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် အကြမ်းဖက်သမားများက ကျေးရွာအတွင်းမှ နေအိမ်များကို မီးရှို့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသခံပြည်သူများ၏ နေအိမ်များ မီးရှို့ဖျက်ဆီးခြင်းကို ဖုံးကွယ်ရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများဖြင့် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တပ်ကုန်းမြို့၌ YSR -1 မိုးစပါးမျိုး စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

တပ်ကုန်း နိုဝင်ဘာ ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ပံသုရတနာကျော်ကုမ္ပဏီက ထုတ်လုပ်သော ပြည့်လျှံသဘာဝမြေဩဇာနှင့် ပူးပေါင်းဆောင်ရွက်သည့် YSR -1 မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၅ရက် နံနက်ပိုင်းက အင်ဘက်ကုန်းကျေးရွာ စနစ်တကျလယ်မြေ တောင်သူဦးဖိုးပြုံး၏ စပါးစိုက်ခင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ နေပြည်တော်တိုင်းစိုက်ပျိုးရေးဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းညွှန့်နှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက သီးနှံထွက်ရှိမှုများ ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ရန် ရှင်းလင်းပြောကြားပြီး နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးနိုင်က စပါးမျိုးစေ့များအကြောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အလုပ်အမှုဆောင်တာဝန်ခံ ဦးမင်းဟန်က ဆန်စပါးစိုက်ပျိုးထွက်ရှိမှု၊ ပံသုရတနာကျော်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်နီလာဝင်းကျော်နှင့် တာဝန်ရှိသူများက ပြည့်လျှံမြေဆီလွှာ အာဟာရဖြည့်သဘာဝမြေဩဇာထုတ်လုပ်မှုအဆင့်ဆင့်များ၊ သီးနှံများရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက နိဂုံးချုပ် အမှာစကားပြောကြားသည်။

တင်စိုးလွင် (ပြန်/ဆက်)



# သာစည်မြို့၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**သာစည် နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့တွင် (၁၀၄) နှစ်မြောက်အမျိုးသား အောင်ပွဲနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို အောင်မင်္ဂလာ ကိုယ်ပိုင်မူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန် သီချင်းဖြင့်သီဆိုဖွင့်လှစ်သည်။

ထို့နောက် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က ဖတ်ကြားသည်။ ဆက်လက်၍ အထက (၂) ကျောင်းသူလေးများက လောကအားမာန် သီချင်းဖြင့် ဖျော်ဖြေပြီး (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြိုကျင်းပပြုလုပ်ခဲ့သည့် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ကဗျာရေးစပ်ပြိုင်ပွဲနှင့်စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ၎င်းနောက် အထက(၁) ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဆုငွေများ ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားသို့ တက်ရောက်လာသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

(၄၈၇)

၀-၀-၀-၀

၀-၀-၀-၀-၀

# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ စတိဗ်ကူးပါးအား နည်းပြရာထူးမှ လက်စတာစီးတီးအသင်း ထုတ်ပယ်



**လီဆက်စတာ နိုဝင်ဘာ ၂၅**

လက်စတာစီးတီးအသင်းသည် လက်ရှိအချိန် ရလဒ်ဆိုးများကြောင့် နည်းပြ စတိဗ်ကူးပါးအား ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

လက်စတာစီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၂ပွဲကစားအပြီးတွင် ရမှတ် ၁၀မှတ်ဖြင့် အဆင့် ၁၆နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ စတိဗ်ကူးပါးအား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ စတိဗ်ကူးပါးသည် လက်စတာစီးတီးအသင်းအား ၂၀၂၄ ခုနှစ် ဇွန်လက စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၅ပွဲတွင် ၃ပွဲနိုင်၊ ၅ပွဲ သရေ၊ ၇ပွဲ ရှုံး ရလဒ် ပိုင်ဆိုင်ခဲ့သည်။

လက်စတာစီးတီးအသင်း ထုတ်ပြန်ချက်တွင် "နည်းပြ စတိဗ်ကူးပါးအား ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေ ခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## ဆာလာ လီဗာပူးအသင်း ကစားသမားဘဝ အဝေးကွင်းသွင်းဂိုး ၁၀၀ ပြည့်မြောက်



**လီဗာပူး နိုဝင်ဘာ ၂၅**

လီဗာပူးအသင်း တိုက်စစ်မှူး ဆာလာ ကစားသမားဘဝ အဝေးကွင်း သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်း တစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက ဆောက်သမ်တန်အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုး နှစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလိုအဝေးကွင်းသွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူးဆာလာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆၇ ပွဲ ကစားကာ ၂၂၃ ဂိုးထိ သွင်းယူထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဆာလာက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများစွာ ရရှိအောင် အစွမ်းကုန် ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## အဒမ်ဝါတန်အား ခေါ်ယူရန် မန်ချက်စတာစီးတီးအသင်း အလျင်အမြန် စီစဉ်

**မန်ချက်စတာ နိုဝင်ဘာ ၂၅**

မန်ချက်စတာစီးတီးအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း ကွင်းလယ်ကစားသမား အဒမ်ဝါတန်အား ခေါ်ယူရန် အလျင်အမြန် စီစဉ်လျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆ပွဲ ကစားပြီး ခြေစွမ်းပြထားသလို၊ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူရန် အလျင်အမြန် စီစဉ်လာခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း အဒမ်ဝါတန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် မန်ချက်စတာစီးတီးအသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ခရစ္စတယ်ပဲလေ့စ်အသင်းထံမှ အဒမ်ဝါတန်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။**(အောက်ပုံ)**

**(NGB)**



## မက်ဆီအား စာချုပ်သက်တမ်းတိုးရန် အင်တာမိုင်ယာမီအသင်းစီစဉ်

**လန်ဒန် နိုဝင်ဘာ ၂၅**

အင်တာမိုင်ယာမီအသင်းသည် အသင်း အဓိက တိုက်စစ်မှူး မက်ဆီအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၃၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ ၂၀၂၃မှ ၂၀၂၄ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၃၉ပွဲကစားပြီး ၃၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

အင်တာမိုင်ယာမီအသင်းထုတ်ပြန်ချက်တွင် "မက်ဆီအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ" ဟု ထုတ်ပြန်သည်။

**(ယာပုံ)**

**(NGB)**



## 2024 LP Open by IND Scores တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Nina Stojanovic ဆွတ်ခူး

**လန်ဒန် နိုဝင်ဘာ ၂၅**

ချီလီနိုင်ငံတွင် ကျင်းပလျက်ရှိသောအမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 LP Open by IND Scores တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆားဘီးယားတင်းနစ်မယ် Nina Stojanovic က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ဆားဘီးယားတင်းနစ်မယ် Nina Stojanovic သည် 2024 LP Open by IND Scores တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အာဂျင်တီးနားတင်းနစ်မယ် Maria Loourdes Carle အား ၃-၆၊ ၆-၄၊ ၆-၄ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



အသက်(၂၈)နှစ်အရွယ်ရှိ Nina Stojanovic က "ကျွန်မ အခုလို 2024 LP Open by IND Scores တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နိုင်ငံအတွက်လည်း အကောင်းဆုံး ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(ဝဲပုံ) (NGB)**

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၇-၁၁-၂၀၂၄ | (၄)ဘန်လေ - ကိုဗင်ထရီ(၁၇) | ဘန်လေ ၁-၀ ကိုဗင်ထရီ | ဘန်လေ(အိမ်) | ၇ | ၄ | ၃ | - | ၁၀ | ၂ |
| နံနက် ၀၂:၁၅ နာရီ | (D,L,D,W,W) (W,W,L,D,D) | ကိုဗင်ထရီ ၀-၁ ဘန်လေ | ကိုဗင်ထရီ(ဧည့်) | ၈ | ၁ | ၄ | ၃ | ၈ | ၁၀ |
| " | (၂၂)ဟားလ်စီးတီး - ရှက်ဖီးလ်Wed(၁၅) | ဟားလ်စီးတီး ၄-၂ ရှက်ဖီးလ်Wed | ဟားလ်စီးတီး(အိမ်) | ၈ | ၁ | ၄ | ၃ | ၈ | ၉ |
| | (D,D,L,L,L) (W,L,W,L,D) | ရှက်ဖီးလ်Wed ၃-၁ ဟားလ်စီးတီး | ရှက်ဖီးလ်Wed(ဧည့်) | ၇ | ၂ | ၁ | ၄ | ၅ | ၁၂ |
| " | (၁၃)နော့ဝစ်ချ် - ပလိုင်းမောက်(၁၉) | နော့ဝစ်ချ် ၂-၁ ပလိုင်းမောက် | နော့ဝစ်ချ်(အိမ်) | ၇ | ၂ | ၄ | ၁ | ၁၅ | ၁၀ |
| | (D,L,L,L,D) (D,L,W,D,D) | ပလိုင်းမောက် ၆-၂ နော့ဝစ်ချ် | ပလိုင်းမောက်(ဧည့်) | ၈ | - | ၂ | ၆ | ၂ | ၁၇ |
| " | (၃)ရှက်ဖီးလ်Utd - အောက်စ်ဖို့ဒ်(၁၈) | ရှက်ဖီးလ်Utd ၂-၁ အောက်စ်ဖို့ဒ် | ရှက်ဖီးလ်Utd(အိမ်) | ၇ | ၆ | ၁ | - | ၁၀ | ၂ |
| | (W,W,W,W,D) (L,L,W,L,L) | အောက်စ်ဖို့ဒ် ၂-၃ ရှက်ဖီးလ်Utd | အောက်စ်ဖို့ဒ်(ဧည့်) | ၇ | - | ၂ | ၅ | ၇ | ၁၃ |
| " | (၁၂)စတုတ် - ပရက်စတန်(၂၀) | စတုတ် ၀-၂ ပရက်စတန် | စတုတ်(အိမ်) | ၈ | ၃ | ၃ | ၂ | ၁၅ | ၁၀ |
| | (L,W,W,D,D) (D,L,D,L,D) | ပရက်စတန် ၁-၂ စတုတ် | ပရက်စတန်(ဧည့်) | ၇ | - | ၃ | ၄ | ၇ | ၁၆ |
| " | (၇)ဝက်စ်ဘရွန်း - ဘရစ္စတိုး(၁၀) | ဝက်စ်ဘရွန်း ၁-၄ ဘရစ္စတိုး | ဝက်စ်ဘရွန်း(အိမ်) | ၇ | ၆ | ၁ | - | ၁၂ | ၄ |
| | (W,W,L,W,D) (D,W,L,W,L) | ဘရစ္စတိုး ၁-၁ ဝက်စ်ဘရွန်း | ဘရစ္စတိုး(ဧည့်) | ၈ | ၃ | ၃ | ၂ | ၁၀ | ၁၀ |
| ၂၇-၁၁-၂၀၂၄ | (၂)ဆန်းဒါးလန်း - ဝက်စ်ဘရွမ်း(၆) | ဆန်းဒါးလန်း ၂-၁ ဝက်စ်ဘရွမ်း | ဆန်းဒါးလန်း(အိမ်) | ၇ | ၅ | ၂ | - | ၁၄ | ၄ |
| နံနက် ၀၂:၃၀ နာရီ | (W,D,D,D,D) (D,D,D,W,D) | ဝက်စ်ဘရွမ်း ၀-၁ ဆန်းဒါးလန်း | ဝက်စ်ဘရွမ်း(ဧည့်) | ၈ | ၄ | ၃ | ၁ | ၁၄ | ၈ |

### ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ (အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၅)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု | အမှတ်ပေးပွဲ၌ အိမ်/ဧည့် ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၇-၁၁-၂၀၂၄ | (၃၆)ဆလိုဗန် - အေစီမီလန်(၂၀) | - | ဆလိုဗန်(အိမ်) | ၆ | ၄ | ၁ | ၁ | ၉ | ၉ |
| နံနက် ၀၀:၁၅ နာရီ | (ဆလိုဗက်ကီးယား-၁) (အီတလီ-၇) | | အေစီမီလန်(ဧည့်) | ၆ | ၂ | ၂ | ၂ | ၁၀ | ၁၀ |
| " | (၂၆)စပါတာပရပ် - အက်သလက်တီကို(၂၃) | - | စပါတာပရပ်(အိမ်) | ၇ | ၃ | ၂ | ၂ | ၁၂ | ၁၀ |
| | (ချက်-၄) (စပိန်-၃) | | အက်သလက်တီကို(ဧည့်) | ၇ | ၃ | ၃ | ၁ | ၇ | ၅ |
| ၂၇-၁၁-၂၀၂၄ | (၆)ဘာစီလိုနာ - ဘရက်(၄) | - | ဘာစီလိုနာ(အိမ်) | ၅ | ၅ | - | - | ၁၀ | ၃ |
| နံနက် ၀၂:၃၀ နာရီ | (စပိန်-၁) (ပြင်သစ်-၁၂) | | ဘရက်(ဧည့်) | ၆ | ၁ | - | ၅ | ၆ | ၁၅ |
| " | (၁၃)လေဗာကူဆင် - ဆောလ်တတ်(၃၀) | ဆောလ်တတ် ၁-၁ လေဗာကူဆင် | လေဗာကူဆင်(အိမ်) | ၆ | ၃ | ၂ | ၁ | ၁၅ | ၁၀ |
| | (ဂျာမနီ-၄) (ဩစတြီးယား-၆) | (၂၀-၇-၂၀၁၅ ခြေစမ်းပွဲ) | ဆောလ်တတ်(ဧည့်) | ၇ | ၂ | ၂ | ၃ | ၆ | ၁၂ |
| " | (၁၇)ဘိုင်ယန်မြူးနစ် - PSG(၂၅) | ဘိုင်ယန်မြူးနစ် ၂-၀ PSG | ဘိုင်ယန်မြူးနစ်(အိမ်) | ၅ | ၄ | ၁ | - | ၁၃ | ၁ |
| | (ဂျာမနီ-၁) (ပြင်သစ်-၁) | PSG ၀-၁ ဘိုင်ယန်မြူးနစ် | PSG(ဧည့်) | ၆ | ၄ | ၂ | - | ၁၆ | ၆ |
| " | (၅)အင်တာမီလန် - လိုက်ပဇစ်(၃၂) | - | အင်တာမီလန်(အိမ်) | ၇ | ၄ | ၂ | ၁ | ၁၆ | ၉ |
| | (အီတလီ-၃) (ဂျာမနီ-၃) | | လိုက်ပဇစ်(ဧည့်) | ၆ | ၃ | ၁ | ၂ | ၁၀ | ၈ |
| " | (၁၀)မန်စီးတီး - ဖီယင်နိုး(၂၀) | မန်စီးတီး ၁-၀ ဖီယင်နိုး | မန်စီးတီး(အိမ်) | ၆ | ၄ | ၁ | ၁ | ၁၂ | ၁၀ |
| | (အင်္ဂလန်-၂) (နယ်သာလန်-၄) | ဖီယင်နိုး ၀-၄ မန်စီးတီး | ဖီယင်နိုး(ဧည့်) | ၇ | ၄ | ၃ | - | ၂၀ | ၇ |
| " | (၂)စပို့တင်းလစ္စဘွန်း - အာဆင်နယ်(၁၂) | စပို့တင်းလစ္စဘွန်း ၂-၂ အာဆင်နယ် | စပို့တင်းလစ္စဘွန်း(အိမ်) | ၅ | ၅ | - | - | ၁၅ | ၂ |
| | (ပေါ်တူဂီ-၁) (အင်္ဂလန်-၄) | အာဆင်နယ် ၁-၁ စပို့တင်းလစ္စဘွန်း | အာဆင်နယ်(ဧည့်) | ၆ | ၂ | ၂ | ၂ | ၆ | ၆ |
| " | (၁၄)ယန်းဘွိုင်းစ် - အတ္တလန္တာ(၉) | ယန်းဘွိုင်းစ် ၃-၃ အတ္တလန္တာ | ယန်းဘွိုင်းစ်(အိမ်) | ၇ | ၃ | ၂ | ၂ | ၁၀ | ၁၀ |
| | (ဆွစ်ဇာလန်-၉) (အီတလီ-၂) | အတ္တလန္တာ ၁-၀ ယန်းဘွိုင်းစ် | အတ္တလန္တာ(ဧည့်) | ၇ | ၄ | ၁ | ၂ | ၁၄ | ၈ |

( )အတွင်းမှ အဆင့်မှာ ပြိုင်ပွဲဝင်အသင်း (၃၆)သင်း၏ အမှတ်ပေးဇယားအဆင့်များ ဖြစ်ပါသည်။



# အခြေခံပညာအထက်တန်းကျောင်းခွဲ၌ လူငယ်စကားဝိုင်းကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အလည်ရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်း ပထမပိုင်းအစီအစဉ်ကို ဦးစွာ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ပညာရေးမှူး ဒေါ်မော်မော်က စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေး ဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေမြတ်သင်းကြိုင်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး ခေါင်းစဉ်ဖြင့် အသိပညာပေး ပြောကြားသည်။ ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဇော်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဒေါ်ခင်မာလာက လူငယ်စကားဝိုင်းလာရောက်ကျင်းပပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မာလာဆွေဝင်း ဦးဆောင်၍ ကျောင်းသူ၊ ကျောင်းသား ၅ ဦးက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်စာရိတ္တခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကျောင်းသူ၊ ကျောင်းသားများက ပါဝင်ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၅၃)

* - * - * - * - *

# ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ပြီးစီး

**ရေနံချောင်း နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘူးကျွန်းကျေးရွာအုပ်စု၊ ဘူးကျွန်းမြောက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၄ ရက်က တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက ဘူးကျွန်းမြောက်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာဆောင်ရွက်ပြီး လုပ်ငန်းများအား ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဘူးကျွန်းမြောက်ကျေးရွာ၌ အရှည် ၁၀၀၅ ပေ၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်း နှစ်လမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၀၆၅ သန်း၊ စုစုပေါင်း ငွေကျပ် ၁၇ ဒသမ ၀၆၅ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်းပြီးစီးသဖြင့် ဘူးကျွန်းမြောက်ကျေးရွာရှိ အိမ်ခြေ ၁၁၆၊ လူဦးရေ ၄၈၆ ဦးတို့အတွက် ရာသီမရွေး သွားလာရေးအဆင်ပြေစွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)နေဝ်လူး



# စက်သုံးဆီဈေးနှုန်းကျဆင်းသော်လည်း စားသုံးဆီဈေးနှုန်းများ မြင့်တက်



နိုဝင်ဘာလကုန်ပိုင်း သီတင်းပတ်တွင် စက်သုံးဆီများ ဈေးကျဆင်းမှုရှိလာသော်လည်း စားသုံးဆီများမှာ ဈေးမြင့်တက်လျက်ရှိသည်။ စက်သုံးဆီအမျိုးအစားအားလုံး ဈေးတွေထပ်ကျလာပြီး စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ နိုဝင်ဘာ ၂၂ ရက် ထုတ်ပြန်ချက်မှာ ဒီတစ်ပတ်အတွက် ရည်ညွှန်းဈေးကို ၉၂ ဓာတ်ဆီတစ်လီတာ ၂၉၅၅ ကျပ်၊ ၉၅ ဓာတ်ဆီ တစ်လီတာ ၃၁၅၀ ကျပ်၊ ဒီဇယ် တစ်လီတာ ၂၆၂၀ ကျပ်၊ ပရီမီယံဒီဇယ် တစ်လီတာ ၃၂၅၅ ကျပ် သတ်မှတ်ခဲ့သည်။

ပြီးခဲ့သည့်တစ်ပတ်ကတော့ ၉၂ ဓာတ်ဆီ တစ်လီတာ ၃၀၁၀ ကျပ်၊ ၉၅ ဓာတ်ဆီ တစ်လီတာ ၃၂၀၀ ကျပ်၊ ဒီဇယ် တစ်လီတာ ၂၆၆၅ ကျပ်၊ ပရီမီယံဒီဇယ် တစ်လီတာ ၃၃၁၀ ကျပ်ဆိုပြီး သတ်မှတ်ခဲ့တာကြောင့် ယခုတစ်ပတ်အတွင်းမှာ ၉၂ ဓာတ်ဆီ တစ်လီတာ ၅၅ ကျပ်၊ ၉၅ တစ်လီတာ ၅၀ ကျပ်၊ ဒီဇယ် တစ်လီတာ ၃၅ ကျပ်၊ ပရီမီယံဒီဇယ် တစ်လီတာ ၅၅ ကျပ်ဝန်းကျင် ကျဆင်းလာခြင်း ဖြစ်သည်။

စားအုန်းဆီဈေးကွက်ထဲမှာ စားဆီ ရည်ညွှန်းဈေးကျပ် ၇၀၀၀ အထက် ရောက်ရှိမြင့်တက်လာသည်။ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီရဲ့ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ရည်ညွှန်းဈေးသတ်မှတ်ချက်မှာ စားဆီ တစ်ပိဿာ ၇၀၁၅ ကျပ်ဖြစ်ပြီး ယခင်တစ်ပတ်ကထက် ၃၈၀ ကျပ် ထပ်မံမြင့်တက်လာခြင်း ဖြစ်သည်။

စက်သုံးဆီနှင့်စားအုန်းဆီ တင်သွင်းသည့်လုပ်ငန်းရှင်များကို ဗဟိုဘဏ်က အမေရိကန်ဒေါ်လာနှင့်ဘတ်ငွေများကို လိုအပ်သလို ထုတ်ရောင်းပေးလျက်ရှိရာ ဆီပြတ်လပ်မှုများ မရှိတော့ကြောင်း သိရသည်။

(အပေါ်ပုံ)

ရွှေမန်း

# စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းတုံ နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းဝေးခန်းမတွင် ခရိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီ ၂၀ မိနစ်က ပြုလုပ်ရာခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငြိမ်းထွန်းကျော်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာအောင်က ဒေသဖွံ့ဖြိုးရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်နှင့် ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းများ၏ အဆိုပြုထားမှု လျာထားချက်များနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြီးနောက် မိမိဌာနအလိုက်လိုအပ်သည့် အဆိုပြုလျာထားချက်များကို ပြည့်စုံစွာဆောင်ရွက်ပြီး အချိန်နှင့်တစ်ပြေးညီတင်ပေးကြရန် ပြောကြားခဲ့သည်။ သက်ဆိုင်ရာဌာနဆိုင်ရာများက မရှင်းသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။



(အပေါ်ပုံ)မြို့နယ်(ပြန်/ဆက်)

# တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

**မိုင်းယောင်း နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့က တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ရှေးဦးစွာ နံနက် ၇ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့၌ ဌာနဆိုင်ရာဝန်ထမ်းမိသားစုများ သက်သာချောင်ချိရေးအတွက် တြိဂံဒေသတိုင်း စစ်ဌာနချုပ်၊ မိုင်းယောင်းတပ်နယ်၊ တပ်ရင်းတပ်ဖွဲ့များမှ အသား၊ ငါး၊ စားသောက်ကုန်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ ရောင်းချပေးနေမှုတွင် ပါဝင်အားဖြည့်ဆောင်ရွက်ပြီး ဗလမင်းထင်ခန်းမ၌ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့၊ မြို့နယ်ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စာရင်းပြုစုရေးအဖွဲ့များ စုစုပေါင်း အင်အား ၃၆ ဦးနှင့် ကျင်းပခဲ့သည်။

ထို့နောက် မုန်းလိုက်ကျေးရွာအုပ်စု၊ ကော့ခွယ်ကျေးရွာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်မင်းဆွေနှင့် ရောင်တခင် ဧည့်စာရင်းစစ်ဆေးကာ လယ်ယာမြေအား ခွင့်ပြုချက်မရှိဘဲ အသုံးပြုနေခြင်းအား SOP ပါအတိုင်း မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ စုစုပေါင်းအင်အား ၁၁ ဦးနှင့် ဆောင်ရွက်ပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရေနံချောင်းမြို့နယ်တွင် ဆောင်းသီးနှံများစိုက်ပျိုးလျက်ရှိ

**မကွေး နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ဆောင်းသီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း ဒေသခံတောင်သူများထံက သိရသည်။

ရေနံချောင်းမြို့နယ်အတွင်းရှိကျေးရွာများ၌ ယာမြေများနှင့် ကိုင်းမြေများတွင် ပဲမျိုးစုံကို ပြည်တွင်း၊ ပြည်ပဝယ်လိုအားရှိပြီး ဒေသတွင်း၌ မြန်မာ့ရိုးရာအစားအစာများကို ပဲဖြင့်ပြုလုပ်ကြောင်း တောင်သူများအဓိက စိုက်ပျိုးကြသည်။

ယခုနှစ်ဆောင်းသီးနှံပဲမျိုးစုံ စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှတောင်သူများဖြင့် ပူးပေါင်း၍ လျာထားချက်ပြည့်မီကျော်လွန်စိုက်ပျိုးနိုင်ရေးဆောင်ရွက်မည်ဖြစ်သည်။

ယခုနှစ်ဆောင်းသီးနှံပဲမျိုးစုံများတွင် ကုလားပဲ၊ စားတော်ပဲ၊ ပဲနောက်၊ ပဲထောပတ်၊ ပဲလွန်းပဲ၊ ပဲမျိုးစုံ စုစုပေါင်း ၃၄၈၄ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ သိရသည်။

(အပေါ်ပုံ)(၄၇၂)

## မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ပုဒ္ဓပူဇနီယပွဲတော် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပဆင်နွှဲ

**ပုဂံ နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့၊ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်တွင် တည်ထားကိုးကွယ်တော်မူထားသည့် မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နိုဝင်ဘာ ၂၃ ရက် နံနက် ၈ နာရီက အဆိုပါ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် အစဉ်အလာမပျက် ကျင်းပမြဲဖြစ်သည့် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် ည ၇ နာရီတွင် ပုဂံမြို့ရှိ စေတနာအလှူရှင်များနှင့် ရပ်ကွက်နေပြည်သူများက မဟာဆန္ဒပြည့်အောင်တော်မူ သိမ်ဘုရားကြီးအား ဦးခိုက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ မြင်းကပါကျေးရွာမှ ဝတ်ရွတ်အသင်းက ပရိတ်ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး ပွဲတော်လာရောက်ကြသည့် ဧည့်ပရိသတ်များ အေးချမ်းပျော်ရွှင်စေရန် ကျောင်းသားလူငယ်များအဖွဲ့က တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေကပြခဲ့ကြသည်။ ထို့နောက် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် နံနက် ၅ နာရီတွင် ပုဂံမြို့၊ ဓမ္မသီဂိဝတ်အသင်းမှ ပရိတ်၊ ပဋ္ဌာန်းများကို ဝတ်ရွတ်ပူဇော်ခဲ့ကြပြီး နံနက် ၈ နာရီတွင် စေတနာအလှူရှင်များက ပင့်သံဃာတော်များအား အရုဏ်ဆွမ်းနှင့် အချိုပွဲများ ဆက်ကပ်လှူဒါန်းကာ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရအမှူးပြုသော သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှအတန်းများ ပေးဝေခဲ့ကြသည်။

ဆက်လက်၍ စေတနာအလှူရှင်များနှင့် ဒေသခံပြည်သူများက မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် သံဃာတော်အရှင်သူမြတ်များကို ဝတ္ထုငွေ၊ ဆွမ်း၊ ဆေး အစရှိသည့် ဆွမ်းသပိတ်လုံးများကို လောင်းလှူပူဇော်ကြပြီး၊ ဘုရားပွဲလာရောက်ကြသည့် ဧည့်ပရိသတ်များကို ဖျော်ဖြေရေးအဖွဲ့က တေးသီချင်းဖြင့် သီဆိုဖျော်ဖြေပေးကာ စတုဒိသာ ထမင်း၊ ဟင်းလျာများ ဧည့်ခံကျွေးခဲ့သည်။



ပုဂံမြို့၊ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်ရှိ မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၇၊ ၈ ရက်တို့တွင် ဘုရားကြီးအား ပန်း၊ ရေ ချမ်း၊ ဆီမီးကပ်လှူပူဇော်ခြင်း၊ ဝတ်ရွတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်ပူဇော်ခြင်း၊ စေတနာအလှူရှင်များနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများက ဆွမ်းသပိတ်များ လောင်းလှူပူဇော်ခြင်းများဖြင့် ကျင်းပလေ့ရှိပြီး ယခုနှစ်တွင်လည်း ဗုဒ္ဓပူဇနီယပွဲတော်အား အစဉ်အလာမပျက် ဖျော်ဖြေရေး အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း ပုဂံမြို့၊ ရတနာဘုံစံ တောရဓမ္မရိပ်သာ ကျောင်းတိုက်နာယက ဆရာတော်ဘဒ္ဒန္တသာဂရက မိန့်ကြား၍ သိရသည်။

(အပေါ်ပုံ)(၄၄၅)

## ပျက်စီးသွားသည့် ကုန်ထုတ်လမ်းအား ပြန်လည်ပြုပြင်

**ကျောက်ဆည် နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာလအတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် စမုံမြစ်ရေလျှံတက်မှုကြောင့် ကျောက်ဆောက်ကုန်းကျေးရွာတွင် စိုက်ပျိုးသီးနှံ ၂၀၀ ဧကအတွက် ဖောက်လုပ်ထားသောပျက်စီးသွားသည့် ကုန်ထုတ်လမ်းအား ပြန်လည်ပြုပြင်ပေးလျက်ရှိသည်။

အဆိုပါကုန်ထုတ်လမ်းသည် ကျောက်ဆောက်ကုန်းကျေးရွာတောင်သူများ လယ်ယာလုပ်ငန်းများလုပ်ကိုင်ရာတွင် ကုန်ကျစရိတ်သက်သာလွယ်ကူစွာဖြင့် ရာသီမရွေးလုပ်ကိုင်နိုင်ရေး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖောက်လုပ်ပေးခဲ့သော ကုန်ထုတ်လမ်းတစ်လမ်းဖြစ်ကြောင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ပျက်စီးခဲ့သည့် အရှည်ပေ ၁၆၀၀ အကျယ် ၁၂ ပေ၊ ထု ၂ ပေ ၉ လက်မ လမ်းပိုင်းနှင့် အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ လမ်းပိုင်းတို့အား ဂျင်းကျောက်မြေခင်းခြင်း၊ အကျယ် ၄ ပေ၊ အမြင့် ၄ ပေ၊ အရှည် ၁၅ ပေ Box Culvert တံတား နှစ်စင်း အသစ်ပြန်လည်တည်ဆောက်ပေးခြင်းဖြစ်သည်။

ကုန်ထုတ်လမ်းပြုပြင်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက သီးနှံမျိုးစုံ ၂၀၀ ဧက အတွက် လယ်ယာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာပြီး တောင်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း၊ တံတားများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၊ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိရေး၊ ကျေးလက်လမ်းကွန်ရက်များ အသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ရေး၊ ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ယာပုံ)

(၄၈၅)



* – * – * – * – *

## ဆန်အမျိုးအမည် လိမ်လည်တင်ပို့ရန်ကြိုးပမ်းခဲ့သည့် ကုမ္ပဏီ ၂ ခုအား အိန္ဒိယအကောက်ခွန်ဌာနမှ ထိရောက်စွာအရေးယူ

ဘာစမာတီမဟုတ်သောဆန်ဖြူကို ဘာစမာတီမဟုတ်သောဩဂဲနစ်ဆန်ဖြူအဖြစ် လိမ်လည်တင်ပို့ရန်ကြိုးပမ်းခဲ့သည့် ကုမ္ပဏီ ၂ ခုအား အိန္ဒိယအကောက်ခွန်ဌာနမှ ထိရောက်စွာအရေးယူဆောင်ရွက်ခဲ့သည်။

အဆိုပါ ကုမ္ပဏီ ၂ ခု၏ အမည်မှာ Reliteaur Foods Private နှင့် Elite Agro Specialities ကုမ္ပဏီတို့ဖြစ်ကာ ၎င်းတို့သည် ဘာစမာတီမဟုတ်သောဆန်ဖြူကို လိမ်လည်တင်ပို့ရန်ကြိုးပမ်းခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်ဟု အာဏာပိုင်များက ပြောကြားခဲ့သည်။

ယင်းသို့ ကုန်အမျိုးအမည် လိမ်လည်၍ ထုတ်ဖော်ကြေညာခဲ့သည့်အတွက် ၎င်းတို့အနေဖြင့် ဒဏ်ငွေ ရူပီး ၇၅ သိန်းစီပေးဆောင်ကြရမည်ဖြစ်ကာ ၎င်းတို့၏ ဆန် ၂၅၅၀၀ တန်နှင့် ၁၆၇၀၀ တန်တို့အား သိမ်းဆည်းခံရခြင်းမရှိရန် နောက်ထပ်ဒဏ်ငွေရူပီး ၉၅ သိန်းနှင့် ၆၅ သိန်း အသီးသီး ထပ်မံပေးဆောင်ကြမည်ဟု သိရသည်။




အိန္ဒိယစိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များ ပို့ကုန်ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (Agricultural and Processed Food Products Export Development Authority - APEDA)မှ ၎င်းကုမ္ပဏီများကို ယာယီလုပ်ငန်းဆောင်ရွက်ခွင့်လက်မှတ်များ အလျင်ဦးစွာထုတ်ပေးခဲ့ပြီးနောက်မှ ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါအဖွဲ့အစည်း၏ ပေါ့လျော့မှုနှင့် အတည်ပြုစစ်ဆေးမှုလုပ်ငန်းစဉ်အပေါ် မေးခွန်းထုတ်ဖွယ်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါကိစ္စအပေါ် သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိကာ ပါဝင်ပတ်သက်သူများအပေါ် နောက်ထပ်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ဖွယ် ရှိ၊ မရှိကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်းနှင့် အလားတူဖြစ်ရပ်များ ထပ်မံဖြစ်ပွားမှုမရှိစေရန် ပိုမိုတင်းကျပ်သော စီမံဆောင်ရွက်မှုများ ပြုလုပ်သွားဖွယ်ရှိသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ၂၀၂၃ ခုနှစ် ဇူလိုင်လမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ ပြည်ပသို့ တင်ပို့ခွင့်ပိတ်ပင်ထားခဲ့သော ဘာစမာတီမဟုတ်သောဆန်ဖြူကို မကြာသေးမီက လွတ်လပ်စွာ ပြန်လည်တင်ပို့ခွင့်ပြုခဲ့ပြီးနောက် ယခုကဲ့သို့ မသမာမှုများ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ သက်ဆိုင်ရာမှ အလားတူဖြစ်ရပ်များ ထပ်မံဖြစ်ပွားမှုမရှိစေရန် ပိုမိုတင်းကြပ်သော စီမံဆောင်ရွက်မှုများ ပြုလုပ်သွားဖွယ်ရှိကြောင်း မြန်မာ့စီးပွားရေးသံရုံး၊ ကော်လ်ကတ္တားမြို့၏ သတင်းပေးပို့ချက်အရ သိရသည်။

(ဝဲပုံ)

ရွှေမန်း

* – * – * – * – *

# ငါးမွေးတောင်သူများအတွက် အခြေခံ ငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်နည်းပညာရပ်သင်တန်း သုံးကြိမ်ဖွင့်လှစ်ပေးထား

**မန္တလေး နိုဝင်ဘာ ၂၅**

ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးရှိ ငါးမွေးတောင်သူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်နည်းပညာရပ်သင်တန်းများကို သုံးကြိမ်ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ နည်းပညာရပ်ကို ငါးမွေးမြူရေး စိတ်ပါဝင်စားသည့် ငါးမွေးတောင်သူများကို ငါးမွေးမြူရေးနည်းစနစ်များသိရှိနားလည်စေရေးအတွက် အဓိကထားရည်ရွယ်ပြီး သင်ကြားပေးခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း သင်တန်းပေးရန် လေးကြိမ်လျာထားခဲ့ကြောင်း၊ လက်ရှိချိန်ထိ သင်ကြားပေးခဲ့ရာတွင် အခြေခံ ငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းကို သုံးကြိမ် ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ ယင်းသင်တန်းများတွင် သင်တန်းသားဦးရေ ၂၅ ဦးလက်ခံ၍ အခမဲ့ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

"ယခုဘဏ္ဍာနှစ်အတွင်းမှာ နတ်ရေကန်ငါးလုပ်ငန်းစခန်း အနေနဲ့ သင်တန်းဖွင့်ဖို့လျာထားတာ လေးကြိမ်ပါ။ လက်ရှိအချိန်မှာတော့ သင်တန်းလျာထားချက်အတိုင်း သုံးကြိမ် ဖွင့်လှစ်ပေးထားပြီးဖြစ်ပါတယ်။ ကျန်သင်တန်းတစ်ကြိမ်ကိုလည်း ယခုဘဏ္ဍာနှစ်အတွင်းမှာ ပေးသွားမှာပါ။ ငါးမျိုးကောင်းမျိုးသန့်တွေကို ထုတ်လုပ်ဖြန့်ဖြူးနိုင်စေဖို့ နည်းပညာရပ်တွေကို သင်ကြားပေးတာပါ။ ဒါ့အပြင် ငါးအစားအစာဘေးအန္တရာယ်ကင်းရှင်းစေရေးနဲ့ မိမိတို့ကိုယ်တိုင် ငါးသားဖောက်ထုတ်လုပ်နိုင်စေရေးတို့ကို ရည်ရွယ်ပြီး ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ သင်တန်းသည် တိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူရေးကို စိတ်ပါဝင်စားသည့် ငါးမွေးတောင်သူများကို စနစ်တကျ မွေးမြူနိုင်ရေးအတွက် သင်တန်းပို့ချပေးကြောင်း၊ သင်တန်းပေးသည့်အခါတွင်လည်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ သင်ကြားပေးရာတွင်လည်း ငါးလုပ်ငန်းစခန်းမှ ကျွမ်းကျင်ပညာရှင်များမှ ငါးမွေးတောင်သူများကို စာတွေ့၊ လက်တွေ့နည်းဖြင့် သင်ကြားပေးကြောင်း၊ ထိုနည်းပညာရပ်များပေးခြင်းကြောင့် အခြေခံ ငါးမွေးမြူရေးကို နည်းစနစ်မှန်မှန်ကန်ကန်နှင့် မွေးမြူနိုင်မည့် အကျိုးကျေးဇူးများကိုရရှိစေကြောင်း သိရသည်။ (၀၇၃)



# ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံတွင် Japan Indio အရွက်ဖြင့် စမ်းသပ်ဆေးဆိုး

**မန္တလေး နိုဝင်ဘာ ၂၅**

ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် နိုဝင်ဘာ ၂၂ ရက်က ဒုတိယကျောင်းအုပ်ကြီး(သင်ကြားရေး)ဦးဆောင်၍ Japan Indio အရွက်ဖြင့် စမ်းသပ်ဆေးဆိုးခြင်း ဆောင်ရွက်ခဲ့သည်။ အဆိုပါ စမ်းသပ်ဆေးဆိုးခြင်းကို ပိုးပုဝါရွက်ဖြင့် ဆောင်ရွက်ခဲ့သည်။

ဆေးဆိုးရန် ဆေးရည်ပြင်ဆင်ရသည်။ ပထမဦးစွာ Japan Indio အရွက်များအား ကျေညက်စွာ ထုထောင်းခြင်း၊ ရေအေးဖြင့် အနှစ်များဖျော်၍ ဆေးဆိုးရာတွင် အဖတ်များ မပါစေရန် အရည်စစ်ယူခြင်းများ ဆောင်ရွက်ရသည်။

ဆေးဆိုးမည့် ပဝါထည်အား ဆေးမဆိုးမီ ပြုပြင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ထားပြီး ဆေးဆိုးရန်အသင့်ဖြစ်နေသော ဆေးရည်အတွင်းသို့ ဆေးညီညာမှုရှိစေရန် သေချာစွာ ဆေးဆိုးခြင်းများအား သင်တန်းသား၊ သင်တန်းသူများက စမ်းသပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

# ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**ပင်းတယ နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ဓနုဒေသဘောလုံးအားကစားကွင်းကြီး၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အ.ထ.က (ပင်းတယ)ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အ.ထ.က(ပင်းတယ)စာသင်ကျောင်းကြီး၏ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသားမိဘဆရာအသင်းသူ၊ အသင်းသားများနှင့် အတန်းအလိုက် ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုအားပေးကြပြီး ဗိုလ်လုပွဲအဖြစ် ဘုရင့်နောင်(အစိမ်းရောင်) ဘောလုံးအသင်းနှင့် မဟာဗန္ဓုလ(အပြာရောင်) ဘောလုံးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ ပွဲပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီ(၁-၁)သရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ဂိုးများ သွင်းယူခဲ့ရာ ဘုရင့်နောင်အသင်းက (၄-၂)ရရှိကာ အနိုင်ရ ဗိုလ်စွဲခဲ့သည်။



ဆက်လက်၍ အထက်တန်းအဆင့် နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဘုရင့်နောင်(အစိမ်းရောင်) ဘောလုံးအသင်းနှင့် အနော်ရထာ (လိမ္မော်ရောင်)ဘောလုံးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘုရင့်နောင်အသင်းက အနော်ရထာအသင်းအား ရဂိုး ခြောက်ဂိုး ပေးဂိုးမရှိဖြင့် အနိုင်ရရှိဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မဟာဗန္ဓုလ(အပြာရောင်)ဘောလုံးအသင်းကျောင်းသားအားကစားသမားများအား ဒုတိယဆုဖလားနှင့် ဆုကြေးငွေကျပ် ၇၅၀၀၀၊ ပထမဆုရရှိသည့် ဘုရင့်နောင်(အစိမ်းရောင်)ဘောလုံးအသင်း ကျောင်းသားအားကစားသမားများအား ဒိုင်းဆုဖလားကြီးနှင့် ဂုဏ်ပြုဆုငွေကျပ် တစ်သိန်း၊ အထက်တန်းအဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အနော်ရထာ(လိမ္မော်ရောင်)ဘောလုံးအသင်း ကျောင်းသားအားကစားသမားများအား ဆုဖလားနှင့် ဆုကြေးငွေကျပ် ၇၅၀၀၀၊ ပထမဆုရရှိသည့် ဘုရင့်နောင်(အစိမ်းရောင်) ဘောလုံးအသင်းကျောင်းသားအားကစားသမားများအား ဒိုင်းဆုဖလားကြီးနှင့် ဂုဏ်ပြုဆုငွေ တစ်သိန်း အစရှိသည့် ဆုများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသူဝင်း၊ ကျောင်းကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ကောင်စီဝင်များ၊ အ.ထ.က(ပင်းတယ) စာသင်ကျောင်းကြီး၏အငြိမ်းစားဆရာမကြီး ဒေါ်ဝင်းရီနှင့် ကျောင်းသားမိဘဆရာအသင်းဝင်များက ဆုများ အသီးသီးပေးအပ်ချီးမြှင့်၍ အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(၃၃၈)



# ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးဆောင်ရွက်

**ကျွန်းလှ နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားရေးအတွက် နိုဝင်ဘာ ၂၃ ရက် နံနက် ၆ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း(ကျွန်းလှ)၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ကြီးကြပ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ စုစုပေါင်းအင်အား ၁၂၀ ဦးဖြင့် ကျောင်းဝင်းအတွင်း အမှိုက်များ၊ ချုံနွယ်များ၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခဲ့သည်။

ကျွန်းလှမြို့နယ်တွင် စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ အများနှင့်သက်ဆိုင်သောနေရာများအား အပတ်စဉ် စနေနေ့တိုင်း သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၀)

သင့်အသက်
အန္တရာယ်
ကာကွယ်ရန်အတွက်
ဆိုင်ကယ်စီးလျှင်
ဦးထုပ်ဆောင်းပြီး
မေးသိုင်းကြိုး
သေချာစွာ
တပ်ပါ။

# မီးခိုးမြူငွေ့ လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြော

**သာစည် နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် သစ်တောဦးစီးဌာနက မီးခိုးမြူငွေ့လျှော့ချရေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲ(မြို့နယ်အဆင့်)ကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက လှိုင်းတက်ကျေးရွာ ရွှေဘုံသာကျောင်းတိုက်ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စိုးက မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အသိပညာပေး ဟောပြောပြီး တက်ရောက်လာသူများအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များနှင့် အာဟာရ မုန့်များ ဝေငှပေးခဲ့သည်။



အဆိုပါအသိပညာပေး ဟောပြောပွဲသို့ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၊ ကျေးရွာပြည်သူများ၊ လှိုင်းတက်ကျေးရွာရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၃၀ ဦးကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)(၄၈၇)

# လူငယ်စကားဝိုင်း ကျင်းပ

**လွိုင်လင် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံးနှင့် အခြေခံပညာ ဦးစီးဌာန အမှတ်(၂) အခြေခံ ပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ လူငယ်နှင့်ပညာ



ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျောင်းခန်းမတွင် ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းတွင် ပါဝင်ပြောဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများက တစ်ဦးချင်း မိတ်ဆက်ပြီးနောက် လူငယ်နှင့်ပညာ စကားဝိုင်းကို ပြောဆိုဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များနှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးကြရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာချိုနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြိုးဖြိုးအေးတို့က ဖြည့်စွက်ဆွေးနွေးပြီး ကျောင်းအုပ်ဆရာမကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ လူငယ်စကားဝိုင်းကို ရုပ်သိမ်းလိုက်သည်။ စကားဝိုင်းအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေသည့် (၁၀၄)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# စာရေးဆရာ မြင့်သိန်း(ပညာရေး)၏ "ရင်နဲ့မွေးတဲ့ ချစ်ခြင်းဖွဲ့ပန်းကလေးများ" ဆောင်းပါး သုတ ရသ စာအုပ်ထွက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၅**

စာရေးဆရာ မြင့်သိန်း(ပညာရေး) ရေးသားသည့် "ရင်နဲ့မွေးတဲ့ ချစ်ခြင်းဖွဲ့ ပန်းကလေးများ" ဆောင်းပါးစာစု စာအုပ် ပထမအကြိမ်အဖြစ် မန္တလေး လင်းသန့်စာပေမှ အောက်တိုဘာ နောက်ဆုံးပတ်တွင် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ရဟန်းစာဆို တက္ကသိုလ်တေဇာလင်း၏ စာမွန်ဦး-စာရေးသူ ဆရာ မြင့်သိန်း(ပညာရေး)၏ ကိုယ်ရေးအကျဉ်း - စာရေးသူ မြင့်သိန်း (ပညာရေး)၏ ဆန္ဒမွန်တို့ပါရှိသည်။

အဆိုပါ ဆောင်းပါးစာစုတွင် သုတ၊ ရသ ဆောင်းပါးစာစုတွင် ဆောင်းပါးပုဒ်ရေ ၂၀ ပါရှိသည်။

အဆိုပါစာအုပ်တွင် မျက်နှာဖုံးဒီဇိုင်း မိုးညီညီထွန်း၏ လက်ရာဖြစ်သည်။

အဆိုပါစာအုပ်သည် စာရေးသူ မြင့်သိန်း(ပညာရေး)၏ စတုတ္ထမြောက် ထွက်ရှိသည့် စာအုပ် ဖြစ်သည်။

အဆိုပါစာအုပ်သည် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် လူတိုင်းဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်ဟု ပြောလိုသည်။ ကျောင်းစာကြည့်တိုက်နှင့် စာကြည့်တိုက်များတွင်ထားရှိသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

စာအုပ်တန်ဖိုးမှာ ငွေကျပ် ၆၀၀၀ ဖြစ်သည်ဟု သိရသည်။ (အောက်ပုံ)

(၀၅၀)






# တောင်ကြီးဂေါက်ကလပ်၌ တစ်ချက်တည်း ကျင်းဝင်

**တောင်ကြီး နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ တောင်ကြီးဂေါက်ကလပ်၌ ယမန်နေ့က ဦးဝင်းအောင်သည် ကစားဖော်များဖြစ်သည့် ဦးရဲလင်းအောင်၊ ဦးမောင်မောင်မြင့်၊ ဦးစိုင်းဇော်လင်းနိုင်၊ ဦးခင်ဇော်မောင်တို့နှင့်အတူ ကစားစဉ် ဦးဝင်းအောင်သည် ကျင်းအမှတ်(၁၄)၌ Homma Iron 8. Ball Titleist-2 ဖြင့် ကိုက် ၁၅၀ အကွာအဝေးကျင်းသို့ ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။ တစ်ချက်တည်းကျင်းဝင်အောင် ရိုက်နိုင်သူအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၄၈၁)






ဖတ်စရာ၊ မှတ်စရာ
စုံလင်


# ခရီးသွားခြင်း

* စိတ်ပြေလက်ပျောက် ခရီးတစ်ခေါက်
ရောက်ချင်ရာ ရောက်
ပေါက်ချင်ရာ ပေါက်
မေ့မပျောက်တဲ့ နားနေခြင်းတစ်မျိုး ။

* စိတ်ကူးရှာ လှည့်
ချဲ့ ချင်တိုင်း ချဲ့
သဲ့ ချင်တိုင်း သဲ့
အလှည့်မပေါ့ သုတစုံလင်
ကမ္ဘာမြေပြင် ဆုံးပါစေသား ။

* မြင်ကွင်းစုံအတွေး
ရွှေရေးနဲ့ လယ်ကွင်းပြင်တွေ ။

* စိမ်းညို့ရဲ့ ပင်ညိုမသွေ
လမ်းဘေးလေ ပင်ညီတန်းတွေနဲ့ ။

* လန်းဆန်းတဲ့
ကာလာ, ပန်းပွင့်တွေရယ်က
စည်ပျိုတကယ် စိတ်အနတွယ်လို့
ခရီးစဉ်ကြွယ် ခြေဆန့်ပေဦး ။ ။

ဇမ္ဗူလက်ျာ မန်း

# ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်း၊ Unique ID ထုတ်ပေးခြင်းလုပ်ငန်းနှင့် ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**အမရပူရ နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ ပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူမြန်ဆန်လာစေရန်၊ မြန်မာနိုင်ငံအတွင်း နေထိုင်သူများကို စိစစ်နိုင်သည့်တစ်ခုတည်းသောနံပါတ် Unique ID ထုတ်ပေးရန်နှင့် Online စနစ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် မည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးနိုင်မည့် အခြေခံစနစ် တည်ဆောက်ရန်ရည်ရွယ်၍ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့် Unique ID ထုတ်ပေးခြင်းများနှင့် ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားကတ်များကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီက အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ စည်ပင်ကျေးရွာ၊ ရွှေကြာမြိုင်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် Unique ID ထုတ်ပေးခြင်းနှင့် ပန်းခင်း(၃) စီမံချက် နိုင်ငံသားကတ်များကို One stop shop service ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ခြင်းကို အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး၊ ဦးစီးအရာရှိ ဦးတင်ကိုကိုဝင်း၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာစေပြီး ဇီဝဆိုင်ရာ အချက်အလက် စိစစ်ကောက်ယူ၍ Database တွင် သိမ်းဆည်း၍ မတူညီ ဂဏန်း(၁၀)လုံး ပါဝင်သည့် Unique ID နံပါတ်ကတ်ပြားများကို နေ့ချင်းပြီး ၈၄ ဦး ထုတ်ပေးနိုင်ခဲ့ပြီး ပန်းခင်းစီမံချက်(၃)ဖြင့် အကျုံးဝင် အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၄၄ဦး၊ စုစုပေါင်း ၈၀ဦး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အောက်ပုံ) (၀၈၄)

၀-၀-၀-၀-၀-၀



## သတင်းပဒေသာ

### စာကြည့်တိုက်အဆောက်အအုံသစ်ဆောက်လုပ်လျက်ရှိ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် ကြက်သွန်ခင်းကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေဖြင့် ဆောက်လုပ်ခဲ့သည့် စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်မြင့်မိုး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းတို့က မင်္ဂလာအချိန်တွင် ပန္နက်တင်ပေးခဲ့ပြီး ဆောက်လုပ်ခဲ့ရာ နိုဝင်ဘာ ၂၃ရက်တွင် ၃၅ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာ အသိပညာပေးဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်တွင် ဌာနဆိုင်ရာများပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ရက်နေ့ နံနက် ၁၀နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှစန်းအေးက အဖွင့်အမှာစကား ပြောကြားသည်။ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပတ်ဝန်းကျင်ဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ 'မူးယစ်အန္တရာယ်တို့ကာကွယ်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ 'လူငယ်နှင့်စာဖတ်ခြင်းအတတ်ပညာ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ် ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုကို လျှော့ချရန် နည်းလမ်းများကိုလည်းကောင်း အသီးသီး ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးကြပ်၍ ဖွင့်လှစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန် (Bakery အမျိုးမျိုး) ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ကသာခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးခန်းမတွင် ယမန်နေ့ နံနက် ၉နာရီခွဲက ပြုလုပ်ရာ ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ပြောကြားခဲ့သည်။ ကသာခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယာယီသင်တန်းခန်းမတွင် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိသည်။ ကသာခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယာယီသင်တန်းခန်းမတွင် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအားစာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီက ရှောက်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမူထွန်းက အသိဉာဏ်ပညာဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး၊ ဗလငါးတန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် ဆွမ်းသပိတ် လောင်းလှူပူဇော်ပွဲကျင်းပ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ ကုန်းတော်ကြီးဆုတောင်းပြည့် မင်္ဂလာစေတီဘုရား ဗုဒ္ဓပူဇနီယဘုရားပွဲတော် အထိမ်းအမှတ် ဆွမ်းသပိတ်လုံးလောင်းလှူပူဇော်ပွဲကို နိုဝင်ဘာ ၂၃ရက် မွန်းလွဲ ၂နာရီက အဆိုပါ ဘုရားကြီး ရင်ပြင်တော်ပေါ်တွင် ကျင်းပခဲ့သည်။

ကျောက်ပန်းတောင်းမြို့၏ ရှေးဟောင်းသမိုင်းဝင် ဘုရားတစ်ဆူဖြစ်သော ကုန်းတော်ကြီး ဆုတောင်းပြည့် မင်္ဂလာစေတီဘုရား ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်း လပြည့်ကျော် ၈ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ ယခုနှစ်တွင် ဘုရားပွဲတော်ရက်မတိုင်မီ (၁၉)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်အထိ ကျင်းပခဲ့ပြီး ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲ တော်အထိမ်းအမှတ်အဖြစ် မြို့ပေါ်ရှိ စာသင်တိုက်၊ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များကို ပင့်ဖိတ်၍ စေတနာရှင်အလှူရှင်များက ဆွမ်းသပိတ်များ လောင်းလှူပူဇော်ကြခြင်းဖြစ်သည်။

အဆိုပါ ဆွမ်းသပိတ်လုံး လောင်းလှူ ပူဇော်ရာသို့ ကျောင်းတိုက်အသီးသီးမှ ပင့်သံဃာ ၁၅၃ ပါး ကြွရောက်အလှူခံယူတော်မူကြပြီး၊ မြို့မတောင်ရပ်ကွက်မှ အစပြု၍ ရပ်ကွက်အသီးသီးမှ အလှူရှင်စေတနာရှင်များက နဝကမ္မ ဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများကို စည်ကားသိုက်မြိုက်စွာ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်းနှင့် ဆွမ်းသပိတ်လုံးလောင်းလှူရန် လာရောက်ကြသည့် ဧည့်ပရိသတ်များကို ပုဂ္ဂလိကအလှူရှင်များက ကြာဆံဟင်းခါးများ သဘော်သီးသုပ်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၅၆)**

## အမှတ်(၁၈) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် စုပေါင်းမဟာဘုံကထိန် ခင်းကျင်း

**မန္တလေး နိုဝင်ဘာ ၂၅**

အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း နန်းမြို့ ၁၉၉၄-၁၉၉၅ ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် စုပေါင်းမဟာဘုံ ကထိန်ခင်းကျင်းခြင်းကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ နှမ်းကြဲကျေးရွာအုပ်စု၊ သာခိုတောင် ဝေဇယန္တာကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဝေဇယန္တာကျောင်းတိုက်ရှိ ဆရာတော်ဘဒ္ဒန္တကဥ္စန အမှူးရှိသော ပုရိမဝါမှ ထမြောက်တော်မူကြသည့် သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ကထိန်ရေစက်ချတရားတော် နာယူကြည်ညိုခဲ့ကြသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် စုပေါင်းမဟာဘုံကထိန်တော်တွင် ကထိန် မ,တည်အလှူငွေ၊ လှူဖွယ်ပစ္စည်း ပဒေသာပင်များ၊ ဆွမ်းနှင့် ဧည့်ခံ ကျွေးမွေးမှုများအတွက် စုစုပေါင်းအလှူငွေကျပ် ၈,၉၄၈,၀၀၀ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(မန္တလေးနေ့စဉ်-၆)**



## ဆေးပဒေသာပင်အလှူငွေ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂၅**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးတည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး အောင်မြေသာစံမြို့နယ် ၆၂လမ်းနှင့်၁၄လမ်းထောင့်ရှိ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးတွင် တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိကြသည့် ရဟန်းသံဃာတော်များအတွက် အလှူရှင် ရန်ကုန်မြို့ မြောက်ဒဂုံနေဦးသန်းတင်+ဒေါ်မီမီတို့က နှစ်ဖက်မိဘများအားအမှူးထား၍ ဆေးပဒေသာပင်အလှူငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ မန္တလေးမြို့နေ ဦးမြင့်နိုင်အားရည်စူး၍ ကျန်ရစ်သူမိသားစုက ဆေးပဒေသာပင်အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ဦးဘသန်းအားရည်စူး၍ ကျန်ရစ်သူမိသားစုက ဆေးပဒေသာပင်အလှူငွေကျပ် တစ်သိန်းကိုလည်းကောင်း ယမန်နေ့က လာရောက်လှူဒါန်းကြရာ ရုံးအုပ်ကြီး ဦးစိုးမြင့်နှင့်အလှူခံဌာန တာဝန်ရှိသူအသီးသီးက လက်ခံရယူခဲ့ကြပြီး သာဓုအနုမောဒနာခေါ်ဆိုကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ဇီဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့်၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ) (မန္တလေးနေ့စဉ်-၁)**



## ဒုတိယအကြိမ် စုပေါင်းမဟာဘုံကထိန် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှကြီးမှူးကျင်းပသော ဒုတိယအကြိမ် စုပေါင်းမဟာဘုံကထိန်ကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉နာရီက မဟာအောင်မြေမြို့နယ်၊ စိန်ပန်း ဝါဆိုကျောင်းတိုက်အတွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆရာတော်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ပြီးနောက် ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များအား ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ စိန်ပန်းရပ်ကွက်လုပ်ငန်းရှင်များ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများက ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ဝါဆိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလာစာရ အရှင်သူမြတ်က လှူဒါန်းမှုအတွက် ရေစက်ချတရားဟောကြားကာ ဧည့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၅၆)**



# တာဝန်ထမ်းဆောင်ကြသည် ဆိုရာဝယ်

နိုင်ဗလ

(၂၃–၁၁–၂၀၂၄) စာမျက်နှာ–၁၇မှ အဆက်

ဆရာဝန်မလေး ကာလီ၊ ဆေးသူနာပြုအဖွဲ့ သဘော်သားလေးနှင့် ကျွန်တော်တို့မှာ လွန်စွာ ခင်မင်ခဲ့ကြပြီး ပျော်ရွှင်စွာဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသည်။ လူနာစောင့်ဟူသော စိတ်မရှိတော့။ သူနာပြုတစ်ဦးသဖွယ် ခံယူလုပ်ဆောင်ပေးခဲ့သည်။ ခဏနားချိန်တွင် ဖတ်ထားသောစာအုပ်များအကြောင်း ဆွေးနွေးကြသည်။ ဆရာမကာလီက ဆရာနန္ဒာ သိန်း၏ စာအုပ်များနှင့် ဗုဒ္ဓစာပေများကို လေ့လာသူဖြစ်သည်။ ဗုဒ္ဓစာပေနှင့်ပတ်သက်၍ ဖခင်နှင့် ဆွေးနွေးသည်က များသည်။ ထိုအချိန်များတွင် လူနာခန်းသည် စာပေစကားဝိုင်းတစ်ဝိုင်းသဖွယ် ဖြစ်သွားတတ်သည်။ အခန်းတွင်းမှ လူနာများက လည်း စိတ်ဝင်တစား လာရောက်နားထောင်တတ်ကြသည်။ ဖခင်နှင့် ဗိုလ်ကြီး မမကာလီတို့က ပင်တိုင်ဖြစ်သည်။

ထိုကာလက ဗီဒီယိုကြည့်ချင်လျှင် ရုံသွင်းပြသောခေတ်ဖြစ်သည်။ နိုင်ငံတကာသတင်းများ နားထောင်လိုက ရေဒီယိုသာရှိသောခေတ်ဖြစ်သည်။ ဗိုလ်ကြီး မမကာလီရှိ၍ ကျွန်တော် အဆင်ပြေလှသည်။ တစ်ပတ်နှင့် နှစ်ရက်မျှ စာအုပ်သွားမငှားဘူးလားဟု မေးသည်။ နောက်ပိုင်းတွင် ဖခင်ဖြစ်သူ လူနာအား ဗိုလ်ကြီးမမနှင့် ဆေးသူနာပြုများက တာဝန်ယူပေးသဖြင့် ပဲခူးကလပ်သံရုံးများမှ စာအုပ်များကို သွားရောက်ငှားရမ်းပေးခဲ့ရသည်။ ကျွန်တော့်အတွက် အဆင်ပြေလှသည်။ ဂြိုဟ်တု စလောင်းမှလွှင့်သော နိုင်ငံတကာသတင်းကြည့်ရမည့်အချိန်တွင်သာ စာအုပ်အငှားထွက်သည်။ တစ်ချက်ခုတ် လေးချက်ပြတ်ဖြစ်သည်။ နိုင်ငံတကာ သတင်းရုပ်သံလည်း ကြည့်ရသည်။ စာအုပ်လည်း ငှားရသည်။ လူနာအတွက်လည်း မပူရ၊ ပဲခူးကလပ်စာရင်းရုံးမှ သူငယ်ချင်း အောင်ကျော်တင့်၊ ကိုကိုနိုင်တို့နှင့်လည်း လက်ဖက်ရည်သောက်ရသည်။ ထိုစဉ်က ပဲခူးကလပ်ရုံးမှ သူငယ်ချင်းများက အထက်လူကြီးထံ ခွင့်ပန်၍ ဆေးရုံသို့ လိုက်လာလေ့ရှိသည်။ ထိုအထက်လူကြီးမှာ သတင်းစာတိုက်တွင် ဒိုးတူပေါင်ဖက်၊ ဆိုးတူကောင်းဖက် တာဝန်ထမ်းဆောင်ခဲ့သော ဌာနစုမှူး ဦးမျိုးဇော်ဝင်း (ယခု မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနခွဲမှူး)၏ ဖခင်ဖြစ်သည်။ စည်းကမ်းကြီးပြီး သဘောကောင်းလှသည်။ ကျွန်တော့်အားလည်း ခင်မင်စွာဖြင့် လိုအပ်သော အကူအညီရှိက တပည့်များနှင့် ဆက်သွယ်ရန်၊ လိုအပ်ပါက ကူညီပေးမည်ဖြစ်ကြောင်း အားပေးခဲ့သည်။

သံရုံးသို့ သတင်းချိန်ကိုက်၍ သွားသည်။ သတင်းခန်းသည် အဆင့်မြင့်လှသည်။ သောက်ရန် ရေပူ၊ ရေအေးစနစ်၊ အဲယားကွန်း၊ ပရိုဂျက်တာ၊ ကောင်းမွန်သော အသံစနစ်တို့ဖြင့် နိုင်ငံတကာသတင်းများကို ဘာသာပြန်၍ ပြပေးသည်။ ယခုခေတ်က ဖုန်းထဲတွင် တိုက်ရိုက်ကြည့်၍ ရသည်။ ထိုခေတ်ကမူ လွန်စွာထူးဆန်း ကြီးကျယ်စွာဖြင့် ခံစားရင်း သတင်းကြည့်ရသည်။ သတင်းပြီးသည်နှင့် စာအုပ်ရှာဖွေ ငှားရမ်းရသည်။ ဘာသာစကား သင်ယူလေ့ကျင့်ရန် တစ်ယောက်ခန်း၊ အသံနားထောင်လေ့ကျင့်နိုင်သည့် အစီအစဉ်လည်း ရှိသည်။ ဝါသနာအလျောက် လေ့လာလိုသော်လည်း လူနာရှိသေး၍ ဆေးရုံသို့ အမြန်ပြန်ရသေးသည်။ နောက်ပိုင်းတွင် သတင်းကြည့်၊ စာအုပ်ငှားရာသို့ သဘော်သားလေး ကိုအောင်ပါ လိုက်လာတတ်သည်။ သူ၏ နိုင်ငံတကာရောက်ခဲ့သော အတွေ့အကြုံများကိုလည်း စိတ်ဝင်စားဖွယ် သိရှိခဲ့ရသည်။ ဗိုလ်ကြီး မမကာလီနှင့် ကျွန်တော်တို့ ဖတ်ရှုငှားရမ်းသော စာအုပ်များကို သဘောကျ၍ ပါရဂူကြီးများနှင့် အခြားဆရာဝန်များကပါ လာရောက်ငှားရမ်းဖတ်ရှုကြသဖြင့် ကျွန်တော်နှင့် ကိုအောင် စာကြည့်တိုက် ကိုယ်စားလှယ်သဖွယ် တာဝန်ယူ၍ စာအုပ်ကို ငှားရမ်းပေးခဲ့ရသည်။ နဂိုကတည်းကပင် ပြောင်းရွှေ့သွားသော တပ်မှူးနှင့် ပါရဂူအချို့ကို ဗိုလ်ချုပ်မောင်မောင်(က·ပ·စ နှင့် က·က(လှုပ်) ညွှန်ကြားရေးမှူး)၏ ကျေးဇူးဖြင့် သိရှိခင်မင်ခဲ့သည့်အပြင် စာအုပ်များကြောင့်လည်း ပါရဂူကြီးများနှင့် ပိုမိုရင်းနှီးမှု ရလာသည်။ စာအုပ်များ၏ကျေးဇူးကြောင့် ပါရဂူနှင့် အရာရှိများက မုန့်ထုပ်များ မကြာခဏပို့လေ့ရှိကြသည်။ လူနာခန်းအတွင်း ဝေမျှ၍ စားခဲ့ကြသည်။ နေ့စဉ် သူနာပြုလုပ်ငန်းစဉ်များအပြင် အားလုံးနှင့်လည်း အဆင်ပြေသဖြင့် ဆေးရုံတွင် မိမိ၏အိမ်သဖွယ် လွတ်လပ်ပေါ့ပါးစွာ နေတတ်လာသည်။ တစ်ရက်က သူနာပြုဖယ်ရီကား ဆေးရုံရှေ့တွင် ပျက်နေသည်။ နံနက်ကတည်းက နေ့လယ်အထိ မကောင်း၊ မနေတတ်သောကျွန်တော် ကူ၍ မော်တော်ယာဉ်အား ကြည့်ပေးသည်။ ဒေါ့ဂ် 200 ဖြစ်သည်။ ထိုအမျိုးအစားက ငယ်စဉ်ကတည်းက စီးနေကျ၊ မြင်ဘူးနေကျဖြစ်သည်။ တတ်သမျှ၊ မှတ်သမျှ ပလပ်ဆေး၊ မီးလိုင်းကြည့်၊ ရိုတာအန်းမီးကောက်သည်ကအစ ထောက်ကြည့်သည်။ အပြစ်တကာ ရှာ၍ တွေ့သမျှ ပြင်သည်။ ပြတ်နေသော ဖျူးစ်ကိုလည်း စီးကရက်ဘူးခွံတောင်း၍ ပတ်ကာ ပြင်ပေး၏။ ကံအားလျော်စွာ ကားမှာ ကောင်းသွားသည်။ တစ်နာရီကျော်ခန့် ပြင်လိုက်ကြရသည်။ ကားသမားက ကျေးဇူးတင်စွာဖြင့် နှုတ်ဆက်သွားသည်။ ဆီချေးများ ပေကျံစွာဖြင့် ဆေးရုံပေါ်တက်ခဲ့သည်။ ဆရာမကာလီနှင့် သူနာပြုများက ကားကောင်းသွား၍ ချီးမွမ်းကြသည်။ ဖခင်ကြီးကတော့ ပြုံးလျက်၊ ရေချိုးအဝတ်လဲပြီးတော့ မွန်းလွဲ ၁ နာရီပင် ထိုးပြီ။ ကျွန်တော့်အတွက် ထမင်းဟင်းများ ပြင်ပေးထားကြသည်။ စေတနာများက ရောင်ပြန်ဟပ်သည်ဆိုသည်မှာ မှန်သည်။

ဆရာမကာလီနှင့် သူနာပြုများက အထင်ကြီးစွာဖြင့် ကျောင်းသားလေးက စက်ပြင်လည်း ကျွမ်းကျင်တယ်။ သူနာပြုလည်း တတ်တယ်ဟု ချီးမွမ်းသည်။ နို့ချက်စက်ရုံ(မန္တလေး)စီမံကိန်းတွင် စက်မှုကျွမ်းကျင်(စက်တပ်ဆင်ကြီးကြပ်) တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း၊ E.G.T.I ဆက်မတက်ဖြစ်သော်လည်း မဏ္ဍင်းနှစ်သင်တန်းပြီးခဲ့ကြောင်း၊ ငယ်စဉ်ကတည်းက ဖခင်ရှိသော တပ်မတော်အလုပ်ရုံတွင် ကျောင်းပိတ်တိုင်း ဝင်ရောက်ကူညီလေ့ရှိကြောင်း ပြောပြရသည်။ ဆေးသူနာပြုများက ဆေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် ဝိုင်း၍ ဆွယ်ကြသေးသည်။ ညနေပိုင်းတွင် ဆရာမကာလီက ဘာသာရေးစာအုပ်ထဲမှ ပါဠိစကားလုံးများနှင့် သိလိုသည်များကို လာရောက်မေးမြန်းရင်း စကားပြောကြသည်။ ပါဠိစကားလုံးအချို့နှင့် အကြောင်းအရာအချို့ကို ဇာတကများမှ ထုတ်နုတ်၍ ကျွန်တော်က ရှင်းပြသည်။ မာဂဓဘာသာနှင့် ပတ်သက်၍ ဖခင်က ရှင်းပြပေးသည်။ အတော်ကြာသော စာပေဆွေးနွေးမှုတစ်ခုဖြစ်ခဲ့သည်။ ဆရာမကာလီကလည်း သူကျွမ်းကျင်သော ဆေးပညာအမြင် ဗဟုသုတများဖြင့် ဆွေးနွေးကြသည်။ သဘော်သားလေးကလည်း နိုင်ငံတကာအတွေ့အကြုံကို ပြောသည်။ စကားဝိုင်းမှာ စိုပြည်လှသည်။ လူနာခန်းအတွင်းမှ လူနာစောင့်များ၊ လူနာများကလည်း ဗိုလ်ကြီးမမတို့၊ ဆရာကြီးတို့၊ ကိုကျောင်းသားတို့၊ သဘော်သားလေးတို့နဲ့အတူဆိုလျှင် ဆေးရုံတွင် အကြာကြီး နေနိုင်ကြောင်း ပြောကြသည်။ လူနာခန်းသည် ပျော်စရာဖြစ်လိုက်၊ မောစရာဖြစ်လိုက်၊ ဝမ်းနည်းစရာဖြစ်လိုက်၊ ခွဲခွာရာတွင်လည်း သေကွဲ၊ ရှင်ကွဲတို့ဖြင့် ဖြစ်ပျက်သဘောကို ထင်စွာပြနေသော နေရာတစ်ခုဖြစ်သည်။ ဆရာတို့ ဆေးရုံမှ မြန်မြန်ဆင်းနိုင်အောင် ကုပေးရမည်ဖြစ်သည်။ အကြာကြီးတော့ မနေကြပါနှင့်ဟု ဆရာမကာလီက ပြော၍ ရယ်ရသေးသည်။

ပျော်စရာအခိုက်အတန့်က ပြီးဆုံးပြီ၊ တစ်ဖက်ခန်းမှ သူနာပြုရောက်လာသည်။ လူနာတစ်ဦး အခြေအနေဆိုးကြောင်း သတင်းပို့သဖြင့် ဆရာမကာလီ သွက်သွက် ထွက်သွားသည်။ ဆေးသူနာပြုနှင့် ကျွန်တော်လည်း နောက်ကလိုက်သွားခဲ့သည်။ ဆရာမကာလီက လူနာ၏သွေးကြောကို အပ်ဖြင့် ထောက်၍ ထောက်၍ ရှာသည်။ ဆေးသူနာပြုကလည်း တစ်ဖက်မှ ရှာသည်။ လိုသမျှကို ကိုယ်က ယူပေးသည်။ သွေးကြောက ရှာမရ ခြေထောက်မှ ပြောင်း၍ရှာကြသည်။ မင်းလည်း လက်တစ်ဖက်က အကြောရအောင် ရှာပေးဟုဆိုသဖြင့် ကျွန်တော်လည်း အကြောရှာသည်။ ခက်ခဲလှသည်။ လူနာအား သနားလှသဖြင့် ကျွန်တော်က ရဲရဲမရှာရဲခဲ့၊ ခြေထောက်မှ သွေးကြောစမ်းမိသဖြင့် လိုအပ်သော ဆေးပုလင်းချိတ်သည်။ သို့သော် လူနာမှာ နာရီဝက်ခန့်အကြာတွင် ကွယ်လွန်သွားသည်။ ကျွန်တော်က မကြေလည်စွာဖြင့် "အစ်မရာ ဒီလူနာ မရနိုင်မှန်းသိရက်နဲ့ အပ်တွေနဲ့ ဝိုင်းထိုးပြီး သွေးကြောရှာ၊ ဆေးတွေသွင်းတော့ လူနာပိုပြီး မခံစားရဘူးလားဗျာ" ဟု မေးရာ "ဘယ်လူနာကိုမဆို အသက်ကို တစ်စက္ကန့်၊ တစ်မိနစ်မှအစ ဆွဲဆန့် ကယ်ဆယ်နိုင်ဖို့က အစ်မတို့ အလုပ်လေ။ မရနိုင်မှန်းသိလို့ လက်လျှော့တာ မဖြစ်စေရဘူး။ အစွမ်းကုန်ကြိုးစားရမှာ အစ်မတို့တာဝန်ပဲ အသက်မရှင်တာက သူ့ကံပဲလေ" ဟု ပြောသည်။ ကျွန်တော် အသံတိုးတိုးဖြင့် ပြန်ပြောမိသည်။ "လေးစားပါတယ် အစ်မရယ်" ဟုသာ စိတ်မကောင်းစွာဖြင့် လူနာ၏ ရုပ်ကလာပ်ကို ကြည့်မိသည်။ ကွယ်လွန်ခါနီး လူနာ၏လက်ကို ကျွန်တော် အပ်ဖြင့် မွှေနှောက်ရှာခဲ့သည်။ သနားခြင်းကြီးစွာ ဖြစ်မိသည်။ "နောက်ကို ကျွန်တော်ဆေးသွင်း၊ သွေးသွင်းနဲ့ အပ်ထိုးတဲ့ အလုပ် မလုပ်တော့ဘူးဗျာ" ဟု ဆို့နင့်စွာ ပြောမိသည်။ အစ်မကာလီက "မောင်လေးတို့လို စိတ်မကောင်းလို့ လက်လျှော့ရင် အစ်မတို့ဆရာဝန်တွေ လောကမှာ ကျန်မှာမဟုတ်ဘူးလေ လိုအပ်လို့ လုပ်ရတယ်။ လိုအပ်လို့ ကုရတယ်။ လိုအပ်သလို နာကျင်လည်း လုပ်ရမှာပဲ။ သူ့အကျိုးအတွက်လေ။ မောင်လေးတို့က အတွေ့အကြုံ နည်းသေးလို့ပါကွာ" ဟု ပြောသည်။ ဟုတ်ပေသည်။ အတွေ့အကြုံနှင့်ခံယူချက်သည် အရေးကြီးလှသည်။

ညပိုင်း ပါရဂူကြီးများ လှည့်လည်စစ်ဆေးရင်း ဖခင်အတွက် မှတ်ချက်တစ်ခုပေးသွားသည်။ မင်္ဂလာဒုံသို့ ပြောင်းရွှေ့ပြသရန်တဲ့။ အမှတ်(၂) ဆေးရုံမှ လူနာများ အစစအရာရာ ဖြည့်ဆည်းပေးသော ဆေးစတိုမှ သူငယ်ချင်းဝင်းကို၊ လက်ရွေးစင်လက်ဖွဲ့သမား ဗိုလ်ကြီးနှင့် သားငယ် သဘော်သား ကိုအောင်၊ ဗိုလ်ကြီးမမကာလီတို့နှင့် ခွဲခွာရပေတော့မည်။ တွေ့ကြုံဆုံကွဲ ဓမ္မတာပါပေ။

ဆေးရုံအပြောင်းအရွှေ့ မလုပ်ခင် က·က·ပုံမှ သူငယ်ချင်း ကျော်စိုးဦး၊ အင်ဂျင်နီယာ ဇော်လင်း၊ မောင်လင်းတို့ ညီအစ်ကို၊ ဆေးစတိုမှ သူငယ်ချင်း ဝင်းကိုတို့က လာရောက်အားပေးကြသည်။ စာကြည့်တိုက်မှ ငှားထားသောစာအုပ်များကို အမြန်ပြန်အပ်ရသည်။ **(ဆက်လက်ဖော်ပြပါမည်။)**

"ဘယ်လူနာကိုမဆို အသက်ကို တစ်စက္ကန့်၊ တစ်မိနစ်မှ အစ ဆွဲဆန့်ကယ်ဆယ်နိုင်ဖို့က အစ်မတို့ အလုပ်လေ။ မရနိုင်မှန်းသိလို့ လက်လျှော့တာ မဖြစ်စေရဘူး။ အစွမ်းကုန်ကြိုးစားရမှာ အစ်မတို့တာဝန်ပဲ အသက်မရှင်တာက သူ့ကံပဲလေ"



## အထက်မြန်မာပြည် ဘူမိဗေဒမိသားစု အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၅**

အထက်မြန်မာပြည် ဘူမိဗေဒမိသားစု၏ ၂၄ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရေး ၅ ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၄ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ၇၉လမ်း ၂၇လမ်းနှင့် ၂၈လမ်းကြားရှိ ကောင်းကျော်ကဖေးတွင် ကျင်းပသည်။ အစည်းအဝေးသို့ နာယကဆရာကြီး ဦးဇေမောင်သိန်းနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံညီစွာတက်ရောက်ကြသည်။

နိုဝင်ဘာ ၃၀ တွင် မန္တလေးမြို့နေ ဆရာကြီးများအား မဟာမြိုင်ကျောင်းတိုက်ကြီးတွင် ပူဇော်ကန်တော့ကြမည် ဖြစ်သည်။ မဟာမြိုင်ကျောင်းတိုက်မှ သံဃာတော်ကြီးများအား နေ့ဆွမ်းလောင်းလှူပူဇော်ကြပြီး ယင်းနေ့ နံနက် ၁၀နာရီတွင် ဆရာကန်တော့ပွဲကျင်းပမည်ဖြစ်သည်။

ကျောင်းသားကြီးများအနေဖြင့် ပျော်ရွှင်စွာတွေ့ဆုံကြရန်အတွက် နံနက် ၉နာရီတွင် ကြိုကြိုတင်တင် ရောက်ရှိကြရန် ကျင်းပရေးကော်မတီက ဖိတ်ကြားထားသည်။

၁၉၉၄ခုနှစ် ဘူမိဘွဲ့ရ ကျောင်းသားဟောင်းကြီးများ၏ နှစ် ၃၀ပြည့် အထိမ်းအမှတ်အဖြစ် အထူးအစီအစဉ်များပြုလုပ်ထားသည်။

အစည်းအဝေးတွင် တက်ရောက်သူများအား ၇၃ဘူမိ ကျောင်းသားဟောင်း ဦးတော်မီသိန်း MGS Mdy က အာဟာရ ဒါနပြုခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ)

(ဝ၄ဝ)

## ကံမမြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်များက ကျေးရွာအရောက် အခမဲ့ကွင်းဆင်းကုသပေး

**ကံမ နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏လမ်းညွှန်မှုဖြင့် ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လက်လမ်းမီစေရန်နှင့် လူနာများ စိုက်ထုတ်ရသောကုန်ကျမှု လျှော့ချရေးအတွက် မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်များက အခမဲ့ကွင်းဆင်းကုသခြင်းကို ယမန်နေ့ နေ့လယ် ၁နာရီက စစ္စရံကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဆောင်ရွက်ခဲ့ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းငွေနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်း၊ သွားနှင့်ခံတွင်း ကုသပေးခြင်း၊ အမြင်အာရုံများစစ်ဆေးပေးခြင်း စသည်တို့ကိုဆောင်ရွက်ပေး၍ လိုအပ်သည့်ကုသမှုများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝေလင်းဖိုလ်နှင့် ကျန်းမာရေး ဆရာ၊ ဆရာမများက အခမဲ့ စမ်းသပ်စစ်ဆေး ကုသပေးခဲ့ကြကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

ကျော်ဇေယျာဝင်း(ကံမ)



## မြန်မာနိုင်ငံ၏ လက်ရှိဘဏ္ဍာနှစ်နှင့် လွန်ခဲ့သည့် (၅)နှစ်အတွင်း ဆန်တင်ပို့မှု အခြေအနေများ

မြန်မာနိုင်ငံသည် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဈေးကွက်ဝေစုနည်းပါးသော်လည်း ကမ္ဘာ့ဆန်တင်ပို့မှု၏ ၂ဒသမ၂ ရာခိုင်နှုန်းကို ရယူ ထားပြီး တင်ပို့မှုတန်ဖိုး ကန်ဒေါ်လာ ၇၄၃ဒသမ၅ သန်းနှင့် အရေအတွက် တန်ချိန် ၁ဒသမ၅၉သန်း တင်ပို့လျက်ရှိသည်။

၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း တန်ဖိုးတိုးတက်မှုနှုန်း ၁ရာခိုင်နှုန်းနှင့် အရေအတွက် တိုးတက်မှုနှုန်း ၆ ရာခိုင်နှုန်းရှိကြောင်း ဆန်တင်ပို့မှုစာရင်း အချက်အလက်များအရ သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်အများဆုံးတင်ပို့ပြီး ၂၀၂၃ ခုနှစ်တွင် တန်ဖိုး ကန်ဒေါ်လာ ၂၀၅ ဒသမ ၈သန်းနှင့် ၄၄၀,၁၅၈ တန်တင်ပို့ခဲ့ကာ စုစုပေါင်း တင်ပို့မှု၏ ၂၇ ဒသမ ၇ သန်းရှိခဲ့သည်။ သို့သော် ပြီးခဲ့သည့် ၅နှစ်တာကာလအတွင်း တန်ဖိုးနှင့်အရေအတွက် တိုးတက်မှုနှစ်ရပ်လုံး အနည်းငယ်ကျဆင်းခဲ့သည်ကို တွေ့ရသည်။



မြန်မာနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ဒုတိယအများဆုံး တင်ပို့ပြီး ၂၀၂၃ ခုနှစ်တွင် တန်ဖိုး ကန်ဒေါ်လာ ၉၈ ဒသမ ၅၇ သန်းနှင့် ၁၇,၅၅၈တန် တင်ပို့ခဲ့ကာ စုစုပေါင်း တင်ပို့မှု၏ ၁၃ ဒသမ ၃ ရာခိုင်နှုန်းရှိသော်လည်း ပြီးခဲ့သည့် ၅ နှစ်တာ ကာလအတွင်း တန်ဖိုး ၂ရာခိုင်နှုန်း နှင့် အရေအတွက် ၁၄ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့သည်။

ဘယ်ဂျီယံနိုင်ငံသည် ဆန်တတိယအများဆုံး တင်ပို့ရာ နိုင်ငံတစ်ခုဖြစ်ပြီး၊ ၂၀၂၃ ခုနှစ်တွင် တန်ဖိုး ကန်ဒေါ်လာ ၈၆ ဒသမ ၁၁၆ သန်းနှင့် ၂၁၄,၃၀၀ တန် တင်ပို့ခဲ့ကာ စုစုပေါင်းတင်ပို့မှု၏ ၁၁ ဒသမ ၆ သန်းရှိသည်။သို့သော် ပြီးခဲ့သည့် ၅ နှစ်တာ ကာလအတွင်း တန်ဖိုး ၁၄ ရာခိုင်နှုန်းနှင့် အရေအတွက် ၃ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့သည်။ ၎င်းသည် မြန်မာနိုင်ငံ အတွက် ဈေးကွက်ထပ်မံချဲ့ထွင်နိုင်မည့် အလားအလာကောင်းကို ပြသလျက်ရှိသည်။

၎င်းနောက်တွင် စပိန်၊ ပိုလန်၊ မလေးရှား၊ နယ်သာလန်၊ တူရကီ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က အသီးသီး ရပ်တည်လျက်ရှိကြောင်း ဆန်တင်ပို့ မှုစာရင်းပါ အချက်အလက်များအရ သိရသည်။

၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ တူရကီနိုင်ငံသို့ ဆန်တင်ပို့မှု ကန်ဒေါ်လာ ၂၁ ဒသမ ၈၁ သန်း အရေအတွက်အားဖြင့် ၄၆,၉၆၆ တန် တင်ပို့ခဲ့ကာ၊ ပြီးခဲ့သည့် ၅ နှစ်တာ ကာလအတွင်း တန်ဖိုး တိုးတက်မှု ၂၂၇ ရာခိုင်နှုန်းနှင့် အရေအတွက် တိုးတက်မှု ၆၂ရာခိုင်နှုန်း ရှိသောကြောင့် မြန်မာ့ဆန်ကို အဆိုပါ နိုင်ငံသို့ ပိုမိုတိုးတက်တင်ပို့နိုင်မည့် အခွင့်အလမ်းနှင့် အလားအလာကောင်းများ ရှိနေသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်လည်း မြန်မာ့ဆန်တင်ပို့မှုအတွက် အခွင့်အလမ်းနှင့် အလားအလာကောင်းများရှိနေသည်ကို တွေ့ရှိသည်။ ၂၀၂၃ ခုနှစ်တွင် ဆန် ၅၁,၅၂၅ တန်နှင့် ကန်ဒေါ်လာ ၂၀ ဒသမ ၃၇၅သန်း တင်ပို့ထားခဲ့သည်။ လွန်ခဲ့ သော ၅ နှစ်တာ ကာလအတွင်း တန်ဖိုးတိုးတက်မှု ၄၀၄ ရာခိုင်နှုန်း နှင့် အရေအတွက် တိုးတက်မှု ၇၈ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရသည်။

လတ်တလောတွင် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ် ဆန်တန်ချိန် ၁ သိန်းခွဲမှ ၂ သိန်းခန့်အား အစိုးရအချင်းချင်း အစီအစဉ်မှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံမှ လတ်တလော ဆန်တင်ပို့မှုအခြေအနေမှာ ၂၀၂၄-၂၀၂၅ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပထမနှစ်ဝက်ကာလအတွင်း မြန်မာနိုင်ငံမှ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၉၃၀,၀၀၀ တန် တင်ပို့ထားပြီးဖြစ်ကာ တန်ဖိုးကန်ဒေါ်လာ ၄၅၈ သန်းခန့် ရရှိထားကြောင်း မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်က ဖော်ပြထားသည်။

ယင်းအနက် ဆန်တန်ချိန် ၉သိန်းကို ပင်လယ်ရေကြောင်းမှ လည်းကောင်း၊ ကျန် ဆန်တန်ချိန် ၂သောင်းခန့်ကို နယ်စပ် ကုန်သွယ်မှု လမ်းကြောင်းမှ လည်းကောင်း တင်ပို့ထားသည်။

ဧပြီလတွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၁ ဒသမ ၁၂သိန်းနှင့် တန်ဖိုး ကန်ဒေါ်လာ ၅၅ သန်း၊ မေလတွင် တန်ချိန် ၇ ဒသမ ၁ သောင်းကျော်နှင့် တန်ဖိုး ကန်ဒေါ်လာ ၃၆သန်း၊ ဇွန်လတွင် တန်ချိန် ၁ ဒသမ ၆၂သိန်းနှင့် တန်ဖိုး ကန်ဒေါ်လာ ၈၄သန်း၊ ဇူလိုင်လတွင် တန်ချိန် ၁ ဒသမ ၆၅ သိန်းနှင့် တန်ဖိုးကန်ဒေါ်လာ ၈၁ သန်း၊ ဩဂုတ်လတွင် တန်ချိန် ၂ ဒသမ ဝ၇သိန်းနှင့် တန်ဖိုး ကန်ဒေါ်လာ ၉၇သန်း၊ စက်တင်ဘာလတွင် တန်ချိန် ၂ ဒသမ ၂သိန်းခန့်နှင့် တန်ဖိုး ကန်ဒေါ်လာ ၁၀၄ သန်းအား အသီးသီးတင်ပို့ ထားကြောင်း သိရသည်။

(ဝဲပုံ)

မန္တလေးနေ့စဉ်-၆

## မြန်မာနိုင်ငံစာဆိုတော်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်းမှ အကြိမ် ၈ဝမြောက် မြန်မာနိုင်ငံ စာဆိုတော်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ယမန်နေ့ နံနက် ၁၀နာရီက ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်း နာယက စာရေးဆရာမွန်းဖူးက ကျောက်ဆည်မြို့ စာရေးဆရာ အသင်းသားများ အနေဖြင့် ကျောက်ဆည်မြို့တွင် အကြိမ်(၈၀)မြောက် မြန်မာနိုင်ငံ စာဆိုတော်နေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်သောကြောင့် အသင်းဝင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ(ကာတွန်းဖောင်းဖောင်း)က အသင်းကြီးမှ ဆောင်ရွက်လျက်ရှိသောစာပေကဏ္ဍများ၊ လူမှုရေးကဏ္ဍများအကြောင်း၊ ရန်ပုံငွေရှာဖွေစုဆောင်းထားရှိမှုများအကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေး ပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့နယ်စာရေးဆရာအသင်း အဖွဲ့ဝင်များက ကျောက်ဆည်မြို့တွင် ကျင်းပမည့် အကြိမ် ၈၀ မြောက် မြန်မာနိုင်ငံစာဆိုတော်နေ့ အခမ်းအနားကို လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး ကဏ္ဍအလိုက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို အသီးသီး ဆွေးနွေးပြောကြားခဲ့ရာ ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်း နာယက ဦးစိုးမြင့်ထွဏ်းက လုပ်ငန်းများ အောင်မြင်စေရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)



# (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ



**မိတ္ထီလာ နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အထက ၂ ရတနာခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် (၁၀၄)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်တင်မိုးက ဖတ်ကြားသည်။ ထို့နောက် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲ နေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ကျောင်းသူ၊ ကျောင်းသားများအား ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော် အောင်လေးနှင့်အဖွဲ့ဝင်များ၊ ခရိုင် ပညာရေးမှူး ဒေါ်မော်မော်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆု များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါအခမ်းအနားအား တက်ရောက်လာကြသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ထုတ်ဝေသော (၁၀၄)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့အထိမ်းအမှတ် အသိ ပညာပေး လက်ကမ်းစာစောင်များ ကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လက် ထောက်ညွှန်ကြားရေးမှူး ဦးမျိုး မင်းဇော်နှင့်ဝန်ထမ်းများက ဖြန့်ဝေ ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၅၃)

* - * - * - * - *



**အောင်လံ နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင် လံခရိုင်၊ အောင်လံမြို့နယ်၌ (၁၀၄)နှစ်မြောက်အမျိုးသား အောင်ပွဲနေ့သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီက အခြေခံပညာအထက် တန်းကျောင်း အ·ထ·က(၁) ရွှေရတုခန်းမ၌ ကျင်းပခဲ့ရာ အောင်လံခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုး သမီးရေးရာအဖွဲ့၊ ကြက်ခြေနီတပ် ဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့ များ၊ ကျောင်းသား၊ ကျောင်းသူ များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားကို အထက(၂)ကျောင်းသား၊ ကျောင်း သူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပြီး အောင်လံ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်က (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်း အမှတ်သဝဏ်လွှာအား ဖတ်ကြား ခဲ့သည်။ ထို့နောက် (၁၀၄)နှစ် မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အောင်လံမြို့နယ် အဆင့် အထက်တန်း၊ အလယ် တန်း စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီ ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများအသီး သီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ အောင်လံ မြို့နယ် အ·ထ·က(၃)ရွာထောင် ကျောင်းမှ ကျောင်းသား၊ ကျောင်း သူများက မြန်မာ့ကျောင်း သီချင်း ဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနား ကို ရုပ်သိမ်းခဲ့ပြီး ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက(ရုံး ချုပ်)မှ အခမဲ့ထုတ်ဝေပေးသော (၁၀၄)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့အထိမ်းအမှတ် သတင်း စကား လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရ သည်။

(အပေါ်ပုံ)

**အာကာ(ပြန်/ဆက်)**



**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် (၁၀၄)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက စံပြရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက် တန်းကျောင်း ပညာဂုဏ်ရောင် ခမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မှ ကျောင်းသား၊ ကျောင်းသူ လေးများက ဇာတိမာန်သီချင်းဖြင့် သံပြိုင်သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းလွင်က (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်း အမှတ်သဝဏ်လွှာကို ဖတ်ကြား သည်။ ယင်းနောက် (၁၀၄)နှစ် မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ တွင် ဆုရရှိကြသူများအား မြို့ နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများအသီး သီးပေးအပ်ချီးမြှင့်ကြပြီး အမှတ် (၁) အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းသား၊ ကျောင်း သူလေးများက မြန်မာ့ကျောင်း သီချင်းကို သံပြိုင်သီဆို၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ လူမှုရေး အသင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ ကျောင်း သား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

(အပေါ်ပုံ)

(၄၅၆)

* - * - * - * - *

* - * - * - * - * - *



**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင် လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ပညာ ရေးမှူးရုံးခန်းမတွင် ယနေ့ နံနက် ၉ နာရီက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်း အမှတ် သဝဏ်လွှာဖတ်ပွဲအခမ်း အနား ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနား ဖွင့်လှစ်ပြီး (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်း အမှတ်သဝဏ်လွှာအား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချမ်း ဖိုးယာန်မှ ဖတ်ကြားခဲ့သည်။

ဆက်လက်ပြီး (၁၀၄)နှစ် မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်း အဆင့်၊ မူလတန်းအဆင့် စာစီ စာကုံးနှင့် ကဗျာပြိုင်ပွဲဆုရ ကျောင်း သား၊ ကျောင်းသူများအား တာဝန် ရှိသူများက ဆုများပေးအပ် ချီးမြှင့် ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်း အဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက် ခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ လက်ကမ်း စာစောင်များအား ဖြန့်ဝေပေး ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

* - * - * - * - *

* - * - * - * - * - *

**ပုသိမ်ကြီး နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီး မြို့နယ် (၁၀၄)နှစ်မြောက် အမျိုး သားအောင်ပွဲနေ့ အခမ်းအနား ကို ယနေ့ နံနက် ၉ နာရီက အထက-ပုသိမ်ကြီး၊ အောင်ဇမ္ဗူ ခန်းမဆောင်၌ ကျင်းပသည်။



ရှေးဦးစွာ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနား ကို အထက-ပုသိမ်ကြီး၊ ကျောင်း သား၊ ကျောင်းသူများက ဇာတိမာန် သီချင်းသီဆို၍ အခမ်းအနားဖွင့် လှစ်ခဲ့ပြီး (၁၀၄)နှစ်မြောက် အမျိုး သားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ် လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက ဖတ်ကြား ခဲ့ပြီးနောက် မြို့နယ်အဆင့် စာစီ စာကုံး ကဗျာပြိုင်ပွဲများတွင် ဆုရ ရှိသူများအား တာဝန်ရှိသူများက အသီးသီးပေးအပ် ချီးမြှင့်ကြ သည်။ ထို့နောက် အထက-ပုသိမ် ကြီး ကျောင်းသား၊ ကျောင်းသူ လေးများမှ မြန်မာကျောင်း သီချင်း ဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးဝေယံမင်း၊ အဖွဲ့ ဝင်(၂)ဦးညွန့်ဆန်း၊ မြို့နယ်ရဲတပ် ဖွဲ့မှူး ရဲမှူး ရဲဗလအောင်ကျော်ဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာဆရာမများနှင့် ကျောင်း သား၊ ကျောင်းသူများ ဖိတ်ကြား ထားသူများ တက်ရောက်ခဲ့ကြ သည်။

(ဝဲပုံ)

(၀၉၅)

* - * - * - * - *

* - * - * - * - * - *

## ဌာနဆိုင်ရာများ စုပေါင်းပြီး ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၃ ရက်က ပွင့်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်ရှိ အောင်သိဒ္ဓိ ဘုန်းတော်ကြီးကျောင်းဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့အရှေ့ပိုင်းရပ်ကွက်ရှိ အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်းဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ကျောင်းဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ကောက်ယူရှင်းလင်းခြင်းနှင့် တံမြက်စည်းလှည်းခြင်းလုပ်ငန်းများကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ပွင့်ဖြူမြို့နယ်၌ ဌာနဆိုင်ရာများ စုပေါင်းပြီး ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မြို့ပြနှင့် ကျေးလက်ဒေသတစ်ခွင် သန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများ လျော့နည်းပပျောက်စေရန်ရည်ရွယ်၍ အပတ်စဉ်(စနေနေ့တိုင်း) မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာစာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘုရားစေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများသို့သွားရောက်၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

(၄၄၅)






## အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ရာပြည့်အထိမ်းအမှတ်ပွင့်ပွဲ ကျင်းပ

**သရက် နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အမှတ်(၁)အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း ရာပြည့်အထိမ်းအမှတ်ဖွင့်ပွဲအား ယမန်နေ့ နံနက် ၈ နာရီက အဆိုပါကျောင်းတွင် ကျင်းပရာ ရာပြည့်သဘင်ပွဲတော်မှခ်ဦးအား သရက်တပ်နယ်မှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး၊ ရာပြည့်သဘင်ကျင်းပရေး ဂုဏ်ထူးဆောင်နာယက ဦးသန်းအောင်၊ ဦးခင်ဌေးနှင့် ကျောင်းသားဟောင်း အ·ထ·က(၁)အငြိမ်းစားဆရာကြီး ဦးခင်မောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ပြီး စုပေါင်းအမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့သည်။

ဆက်လက်၍ ရာပြည့်သဘင်အထိမ်းအမှတ် ကျောက်တိုင်အား အမွှေးနံ့သာများ ပက်ဖျန်းပေးခဲ့ပြီး ပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပြီး ကဗျာ၊ စာစီစာကုံး၊ ပန်းချီများ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးခဲ့ပြီး စာပေဟောပြောပွဲနှင့် ဖျော်ဖြေရေး အစီအစဉ်များဖြင့် တက်ဆက်ပေးခဲ့သည်။

ထို့နောက် နိုဝင်ဘာ ၂၄ ရက်တွင် နှုတ်မှုစွမ်းရည်ပြိုင်ပွဲများ၊ ဟောပြောပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ပေးမည်ဖြစ်ပြီး နိုဝင်ဘာ ၂၅ ရက်တွင် ရာပြည့်သဘင်အခမ်းအနားနှင့် ဆုပေးပွဲကျင်းပပြီး မွန်းလွဲ ၁ နာရီတွင် (၃၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ စည်းကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (အပေါ်ပုံ)

စော်ထက်(သရက်)

## ကလေးစာဖတ်ခန်း၌ အရုပ်ဆက်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**မိုင်းဆတ် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ယမန်နေ့ မွန်းလွဲပိုင်းက အရုပ်ဆက်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အရုပ်ဆက်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပရာ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၄ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရရှိကာ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ရှာမှီးရရှိစေရန်နှင့် ပါဝင်ယှဉ်ပြိုင်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၅**

အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို) (AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉နာရီခွဲက မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ၆၆လမ်း၊ ၁၀၁လမ်း၊ ရွှေကုံကော်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကျော်သောင်းက အမှာစကားပြောကြားသည်။ ထို့နောက် အသင်းအမှုဆောင် ဒေါ်ခင်မေပိုင်က မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊ မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်များကို အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးကလည်းကောင်း အသိပညာပေးဟောပြောကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား အသင်းအမှုဆောင်ဒေါ်သင်းသင်းဦးက မူးယစ်ဆိုင်ရာ မေးခွန်းများ မေးမြန်းဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်၍ ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲစေရေးအတွက် သန္နိဋ္ဌာန်ချတ်ဆိုကြကြောင်း သိရသည်။

(အောက်ပုံ) (၀၇၀)



## တစ်နိုင်တစ်ပိုင် ဂန္ဓမာပန်းစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိ

**ကျွန်းလှ နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် တစ်နိုင်တစ်ပိုင် ဂန္ဓမာပန်း စိုက်ပျိုးသူများ မိသားစုဝင်ငွေရရှိ၍ အဆင်ပြေလျက်ရှိကြောင်း ပန်းစိုက်ပျိုးသူများထံမှ သိရသည်။

"ကျွန်တော် ဂန္ဓမာပန်းကို မြေအောက်ရေတင်ပြီး ရာသီအလိုက် စိုက်ပျိုးပါတယ်။ ဒီနှစ်ဆောင်းရာသီမှာ အပင် ၁၅၀၀၀ စိုက်ပျိုးထားပြီး မျိုးဖိုး၊ ဆေးဖိုး၊ ထွန်ယက်ခ၊ မြေဩဇာဖိုးနဲ့ လုပ်အားခအပါဝင် ငွေကျပ် တစ်သိန်းခွဲခန့် ကုန်ကျပါတယ်။ ယခုအခါ ပန်းလေးခက်၊ သေးရင် ခြောက်ခက်ကို ငွေကျပ် ၈၀၀ ရောင်းရပြီး နေ့စဉ် ငွေကျပ် ၃၅၀၀၀ ကျော် မိသားစုအတွက် ဝင်ငွေရရှိပါတယ်"ဟု ဂန္ဓမာပန်းစိုက်ပျိုးသူ တစ်ဦးက ပြောသည်။

ကျွန်းလှ၊ မြို့ပေါ်ရပ်ကွက်များတွင် နေအိမ်ခြံဝင်းများအတွင်း မြေအောက်ရေတင်ပြီး ပန်းမျိုးစုံ၊ ဟင်းသီးဟင်းရွက်မျိုးစုံနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးကြကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိနေကြကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၀)



## ကလောင်စုံ ပါဝင်ရေးသားထားသော သုခုမဝတ်ရည် ရသ ကဗျာ ဝတ္ထုတိုများ စာအုပ်ထွက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၅**

စိုင်းမြတ်သူ-ရွှေဘို (စာပေစေတမန်) စီစဉ်တည်းဖြတ်သည့် စာပေစေတမန် (၉)နှစ်ပြည့်အထိမ်းအမှတ်အဖြစ်ထုတ်ဝေသည့် လွမ်းရတုစာပေနှင့် သုခုမဝတ်ရည်ရသကဗျာ၊ ဝတ္ထုတိုများ(ကလောင်စုံ) စာအုပ် ၂၀၂၄ ဩဂုတ်လတွင် ပထမအကြိမ်အဖြစ် မန္တလေး လင်းသန့်စာပေမှ ထွက်ရှိလာသည်။ အဆိုပါစာအုပ်တွင် မျက်နှာဖုံးဒီဇိုင်း မျိုးညီညီထွန်း၊ အတွင်းသရုပ်ဖော် စိုင်းမြတ်သူတို့၏ လက်ရာများဖြစ်သည်။

အဆိုပါစာအုပ်တွင် ဆရာဘုန်းဇော်မိုး-ဥသျှာ(စာပေတေမန်)၏ဥယျာဇဉ်-စာအုပ်စီစဉ် စိုင်းမြတ်သူ-ရွှေဘို(စာပေစေတမန်) သုခုမရင်ပြင်၏ မုဒိတာစကားတို့ ပါဝင်သည်။ အဆိုပါစာအုပ်တွင် ရွှေရတုမွေးနေ့ကဗျာ သုံးပုဒ်၊ အဖေနေ့ ဝတ္ထုတိုပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရ ဝတ္ထုတိုသုံးပုဒ်၊ ကလောင်စုံများ ပါဝင်ရေးသားထားသည့် ကဗျာ (၄၃)ပုဒ် ပါရှိသည်။ သုတ ရသ မျိုးစုံပေးနိုင်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်ဟု ဆိုချင်ပါသည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၆၅၀၀ ဖြစ်ပြီး စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်သည်ဟု သိရသည်။ (၀၅၀)

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၇)၊ ဦးပိုင်နံပါတ် (၂၉၄-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၁၁၃၀ ၀၁၅၅)ဧက၊ (၂၂ပေ ၅လက်မ×၃၀ပေ) အကျယ်အဝန်းရှိ ဦးဂျင်မီစိန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း(၁၁×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြည်ရွှေ(ဘ)ဦးတင်သိန်း(၉/ရမသ(နိုင်)၁၀၈၂၉၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး LL.B.,LL.M** — တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် LL.B., LL.M** — တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် LL.M** — တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း LL.B** — တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး LL.B** — အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန် LL.B** — အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်(၁၉၀)၊ ၂၃လမ်း×၈၈လမ်းထောင့်၊ သီရိမာလာအဆင့်မြင့်တိုက်တန်း၊ ယခင်ဦးပိုင်အမှတ်(၂၈)(C-2/1)၊ ယခု ပိတောက်ဆောင်၊ အခန်းအမှတ်(၃)၊ ပထမထပ်၊ ဧရိယာ(၂၅ပေ×၂၅ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းရှိ ရေမီတာ၊ လျှပ်စစ်မီးမီတာအပါအဝင် တပ်ဆင်ကိရိယာအရပ်ရပ်နှင့်တကွ နေထိုင်ပိုင်ဆိုင်ခွင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်နိုင်(ဘ)ဦးတင်အေး(၁၄/ပသန(နိုင်)၀၀၁၁၄၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဇာဇာမောင်** LL.B, DL-101, IPlaw
**ဦးထွန်းလွင်ဦး** LL.B, H.G.P
**ဦးသိန်းဦး(ချယ်ရီမြေ)** B.Sc,H.G.P,P.G.D.L
**ဒေါ်သီတာကို** LL.B

**တရားလွှတ်တော်ရှေ့နေများ**
**Mandalay Justice Law Firm**
**အမှတ်(၅၀)၊ ၈၇Aလမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
E-mail;zarzarmaung.lawyer@gmail.com


○ ရှေ့ဖုံးမှ

စီမံဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် စက်မှုဝန်ကြီးဌာန၌ မှတ်ပုံတင်ထားသော ဆီစက်ပေါင်း ၂၂၈၇ လုံးခန့် ရှိသည်ဟု သိရှိရပါကြောင်း၊ အဆိုပါဆီစက်များ၏ ကြိတ်ခွဲနိုင်မှုစွမ်းအားသည် တစ်နှစ်လျှင် တန်ချိန်နှစ်သိန်းကျော်ရှိသဖြင့် ကုန်ကြမ်းများရရှိအောင် စိုက်ပျိုးထုတ်လုပ်ပေးရန် လိုအပ်သကဲ့သို့ ဆီစက်များ၏ အရည်အသွေးကောင်းမွန်ရန်လည်း အရေးကြီးပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာန ပညာရှင်များက ဆီထွက်သီးနှံ မျိုးစေ့ထုတ်လုပ်ရေးတွင် ကြုံတွေ့ရသောအခက်အခဲများနှင့် ဆောင်ရွက်ရမည့်အချက်များ၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်ကို လေ့လာသုံးသပ်ခြင်း၊ တောင်သူများ၏ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်လိုသော သဘောထားကို လေ့လာဆန်းစစ်ခြင်း၊ ဆီထွက်သီးနှံများ၏ အရည်အသွေးသတ်မှတ်ချက်များ၊ ပြည်တွင်း၊ ပြည်ပတင်ပို့ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် အရည်အသွေးသတ်မှတ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး၊ ဆီထွက်သီးနှံများ ဝယ်ယူရေး၊ ကြိတ်ခွဲရေးနှင့် ဆီစက်လုပ်ငန်းဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ ပြည်တွင်း၊ ပြည်ပဈေးကွက်နှင့် ကိုက်ညီမှုရှိစေမည့် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီအောင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# (RBF) စီမံကိန်းရန်ပုံငွေဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟံမြင့်မိုရ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းရန်ပုံငွေဖြင့် မျိုးကောင်းမျိုးသန့် (နို့ပေးနွားမ)မွေးမြူရေးလုပ်ငန်း ဆောင်ရွက်လုပ်ကိုင်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်ဆုအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်အတူ ဟံမြင့်မိုရ်ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် မျိုးကောင်းမျိုးသန့်(နို့ပေးနွားမ)မွေးမြူရေးလုပ်ငန်းဆောင်ရွက်လုပ်ကိုင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

အဆိုပါ ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် မျိုးကောင်းမျိုးသန့်(နို့ပေးနွားမ)မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် စိန်တလုံးအဖွဲ့၊ မြကျောက်အဖွဲ့၊ ပတ္တမြားငမောက်အဖွဲ့၊ ဟသ်ာအဖွဲ့ စသည့် အဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူ ၂၀ ဦးတို့က နို့စားနွားကောင်ရေ (၂၂)ကောင်ကို (RBF)စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀၊ အစုအဖွဲ့ ထည့်ဝင်ငွေကျပ် သိန်း ၁၀၀ ၊ စုစုပေါင်း ရန်ပုံငွေကျပ် သိန်း ၄၀၀ ဖြင့် စီမံကိန်းလုပ်ငန်းများကို လည်ပတ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ကျောက်ဆည်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးက ပြောကြားကြောင်း သိရသည်။

**(၄၄၅)**





# မြနန္ဒာဝန်ထမ်းအိမ်ရာ မိသားစုများ(၁၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် မြနန္ဒာဝန်ထမ်းအိမ်ရာ မိသားစုများ(၁၇)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်ကို ယနေ့နံနက် ၉ နာရီက မြနန္ဒာဝန်ထမ်းအိမ်ရာ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး ဩကာသ ကန်တော့ချီးဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး၊ ဆရာတော်၊ သံဃာတော်များထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ပြီးနောက် ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များအား မြနန္ဒာဝန်ထမ်းအိမ်ရာ မိသားစုများနှင့် အလှူရှင်များက ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ် ဝိမုတ္တိရသ ကျောင်းတိုက်ဆရာတော် ဦးဝိသုတက လှူဒါန်းမှုအတွက် ရေစက်ချတရားဟောကြားကာ ဧည့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ကြွရောက်လာသည့် ဆရာတော်သံဃာတော်များအား မြနန္ဒာဝန်ထမ်းအိမ်ရာမိသားစုများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပြီး စုစုပေါင်းလှူဒါန်းငွေသားနှင့်ပစ္စည်းတန်ဖိုးငွေကျပ် ၁၁၅၁၁၃၀၀ အား ဆရာတော် ဦးဝိသုတ ထံသို့ ဆက်ကပ်လှူဒါန်းခဲ့ပြီး စုပေါင်းမဟာဘုံကထိန်သို့ ကြွရောက်လာသူများအား အလှူရှင်များက အာဟာရဒါနများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**(၀၅၆)**

# မြို့နယ်အဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းဆောင်ရွက်

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၅**

မြို့နယ်အဆင့် မီးဘေးလုံခြုံရေးနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ အစီအစဉ်ဖြင့် မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလုပ်ငန်းပိုင်ရှင်များအား ဖိတ်ခေါ်၍ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း၊ ဇာတ်တိုက် လေ့ကျင့်သရုပ်ပြသခြင်းများကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ပြည်တော်သာရပ်ကွက်ရှိ ထူးမြတ်ချမ်းသာဟိုတယ်တွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်အဆင့် မီးဘေးလုံခြုံရေးနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး မီးသတ်ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးသန်းမြင့်က မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများနှင့်ပတ်သက်၍ ဖြစ်ပွားတတ်သည့် အခြေအနေများနှင့် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များ၊ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိသင့်သည်များကို ပရိဂျက်တာဖြင့် ရှင်းလင်းပြောကြား အသိပညာပေးသည်။

ယင်းနောက် တက်ရောက်လာသည့် မြို့နယ်အဆင့် မီးဘေးလုံခြုံရေးနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလုပ်ငန်းပိုင်ရှင်များအား မြို့နယ်မီးသတ်ဦးစီးမှူးက သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းပြသပြီး ဂက်စ်မီးဖိုသုံးစွဲရာတွင် လိုက်နာရမည့် အချက်များအား ရှင်းလင်း၍ ဂက်စ်မီးလောင်မှုအား အလွယ်တကူ ငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး အသုံးပြုနည်းနှင့် ဆီမီးလောင်မှုအား မီးသတ်ဆေးဘူး အသုံးပြုငြိမ်းသတ်နည်းများကို လုပ်ငန်းရှင်များအား လက်တွေ့ပါဝင်လုပ်ဆောင်စေခြင်းဖြင့် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးပွဲသို့ မြို့နယ်အဆင့် မီးဘေးလုံခြုံရေးနှင့်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့်အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလုပ်ငန်းရှင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(၄၅၆)**

# (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

(၁၀၄)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်ခြင်း မင်္ဂလာ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ တပ်မတော်ခမ္မာရုံ၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) (ဗဟို) ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌ ဦးရဲထွန်း၊ ဒုတိယဥက္ကဋ္ဌများနှင့် YMBA အသင်းသားများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ တက်ရောက် လာကြသူများက အမျိုးသားအောင်ပွဲနေ့ ဩဝါဒကထာကို နာကြားကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံ့ချီ စည်သူ ဦးစိုးသိန်းက ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ပြည်ထောင်စုဝန်ကြီး ဇေယျကျော်ထင် စည်သူ ဦးမောင်မောင်အုန်းက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် မရိုဏ ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဘွဲ့ရလူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဘွဲ့ရလူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်ချီးမြှင့်စဉ်။

သီရိပျံ့ချီ စည်သူ ဦးစိုးသိန်းကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် နတ်စင်တစ်ရာကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပညာတေဇထံ တိုင်းမှူး ဇေယျကျော်ထင် ဗိုလ်ချုပ်ဇော်ဟိန်းက လည်းကောင်း လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ အဘိဓဇ အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဥက္ကဋ္ဌ ဦးရဲထွန်းက ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ဘွဲ့ခံဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းတို့က ဘွဲ့ရဆရာတော် တစ်ပါးနှင့် လူပုဂ္ဂိုလ်များထံ ဘွဲ့တံဆိပ်များ ဆက်ကပ်ချီးမြှင့်ကြပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းဥက္ကဋ္ဌက လက်ခံရယူသည်။

ထို့နောက်ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌက အမျိုးသား အောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ အကြောင်းကို ပြောကြားပြီး တာဝန်ရှိသူများက လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်များကို ချီးမြှင့်ကြသည်။ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကို ၁၉၀၆ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အမျိုးသား အောင်ပွဲနေ့ကို တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် နှစ်စဉ် ကျင်းပခဲ့ရာ ၂၀၂၄ ခုနှစ်တွင် (၁၀၄)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း၏ လုပ်ငန်းစဉ်မှာ **"အမျိုးကိုချစ်ပါ၊ ဘာသာကို လေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာကိုအားပေးပါနှင့် YMBA ၏ ဆောင်ပုဒ်မှာ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာနှင့် နိုင်ငံ့အရေး အတွက် အမြဲအသင့်ရှိနေ YMBA"** ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


# ကျောက်ဆည်မြို့နယ်၌ ငရုတ်သီးအထွက်နှုန်း နည်းသော်လည်း ဈေးကောင်းသဖြင့် စိုက်ပျိုးရောင်းချသူများ အဆင်ပြေ

**ကျောက်ဆည် နိုဝင်ဘာ ၂၅**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဆန်စပါးကို အဓိကထားစိုက်ပျိုးကြပြီး ယာမြေများတွင် ပဲအမျိုးမျိုး၊ ဝါ၊ ငရုတ်၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက်၊ သီးနှံများ စိုက်ပျိုးကြကြောင်းနှင့် ငရုတ်စိုက်တောင်သူများအနေဖြင့် အထွက်နှုန်းနည်းသော်လည်း ဈေးကောင်းသဖြင့် အသီးအစိမ်းခူးဆွတ် ရောင်းချလျက်ရှိရာ စိုက်ပျိုးရောင်းချသူများ အဆင်ပြေလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်တွင် ငရုပ်သီးအစိမ်း ခူးဆွတ်ရောင်းချသူများအနေဖြင့် ၆၉၂ ငရုတ်မျိုးများ အဓိကစိုက်ပျိုးကြပြီး ဈေးကွက်ရရှိရေး အချိန်ကာလအမျိုးမျိုး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် အစိုစိုက် (ရေသွင်းစိုက်ပျိုးခြင်း)နှင့် အခြောက်စိုက် (မြေကျင်းဖော်၍ ရေလောင်းစိုက်ပျိုးခြင်း)ဟူ၍ စိုက်ပျိုးကြကြောင်း၊ ငရုတ်သီးနှံတစ်ဧက ပျိုးထောင်စိုက်ပျိုးမည်ဆိုပါက မျိုးထုပ် ၁၅ ထုပ်ခန့် ပျိုးထောင်စိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မြေပြင်သည်မှစ၍ အခင်းဖျက်သိမ်းသည်အထိ သွင်းအားစု ထည့်သွင်း အသုံးပြုသည့်အပေါ် မူတည်က ငွေကျပ်သိန်း ၃၀ မှ ၃၅ သိန်းအထိ ကုန်ကျကြောင်း သိရသည်။

ငရုတ်သီးနှံသည် ကာလရှည်သီးနှံဖြစ်ပြီး တောင်သူအများစုသည် အသီးရင့်မှည့်အောင်ထားကာ ခုနှစ်ရက် တစ်ကြိမ် ခူးဆွတ်အခြောက်လှန်း ရောင်းချခြင်းများ ပြုလုပ်ကြသော်လည်း နေ့စဉ် ဝင်ငွေရရှိလိုသူများအနေဖြင့် ငရုတ်သီးများကို အစိမ်းခူးဆွတ် ရောင်းချလျက်ရှိရာ ငရုပ်သီးအစိမ်း ဈေးကောင်း မွန်သောကြောင့် အသီးအစိမ်း ခူးဆွတ်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



သက်မောင်(ကျောက်ဆည်)

**မုန်တိုင်းငယ်မှ ခန့်မှန်းချက်**

အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ ထိုမှတစ်ဆင့် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီလ်နာဒူးကမ်းခြေ-သီရိလင်္ကာနိုင်ငံကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ



# MNL ယူ-၂၀ ပြိုင်ပွဲတွင် Junior Lions အသင်း ဒုတိယနေရာရောက်လာ

**ရန်ကုန် နိုဝင်ဘာ ၂၅**

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၅) ဒုတိယနေ့ကို နိုဝင်ဘာ ၂၅ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်းသရေပွဲကြောင့် Junior Lions အသင်းဒုတိယနေရာ ရောက်ရှိလာသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ယခုပွဲသရေရလဒ်ကြောင့် ဒုတိယနေရာမှ ဖယ်ပေးခဲ့ရပြီး တတိယနေရာဆင်းပေးခဲ့ရသည်။

**စာမျက်နှာ ၅ သို့ ❍**